# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၇)ရက် ၊ ကြာသပတေးနေ့ ၊ (11-12-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၂၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး၊
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ ပြည်သူ့အကျိုး ရှက်သယ်ပိုးမည့် အားကိုးထိုက်သူ ရွေးကြစို့။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၀**

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၂၆) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြ ကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်းနှင့် ဇနီး၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**




ရတနာပုံ
၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်
အယ်ဒီတာ့အာဘော်

# မြန်မာ့အားကစားမောင်မယ်များ နိုင်ငံအတွက်ဆုတံဆိပ်များပိုမိုဆွတ်ခူး

အားကစားပြိုင်ပွဲများသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယ ကြိုးပမ်းမှုများနှင့် စည်းလုံးညီညွတ်မှုများကို တရားမျှတစွာဖော်ထုတ်ပြသနိုင်သည့် စွမ်းရည်ယှဉ်ပြိုင်မှုလည်းဖြစ်သည်။ "အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်" ဆိုသည့် ဆောင်ပုဒ်အတိုင်း အားကစားစိတ်ဓာတ်သည် တိုင်းချစ်ပြည်ချစ်စိတ်ကို ဖြစ်ပေါ်စေပြီး တိုင်းပြည်ကိုကာကွယ်စောင့်ရှောက်လိုသည့်စိတ်ပေါ်ပေါက်လာစေမည်ဖြစ်သည့်အတွက် နိုင်ငံတော်က အားကစားကဏ္ဍကို အားပေးမြှင့်တင်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ယခုအခါ ထိုင်းနိုင်ငံသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲဖွင့်ပွဲကို ဒီဇင်ဘာ ၉ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ရာဇမင်္ဂလာအားကစားကွင်း၌ကျင်းပခဲ့သည်။ အဆိုပါ ပြိုင်ပွဲကို ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်ထိ ကျင်းပသွားမည်ဖြစ်ကာ အားကစားနည်း အမျိုး ၅၀ ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး အာဆီယံဒေသတွင်းနိုင်ငံများမှ အားကစားသမားစုစုပေါင်း ၉၃၆၆ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ထိုသို့ ယှဉ်ပြိုင်ရာတွင် မြန်မာနိုင်ငံမှလည်း အားကစားနည်း ၃၈ မျိုးတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြီးခဲ့သည့် ၃၂ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအသင်းသည် အားကစားနည်း ၁၉ နည်း ဝင်ရောက်ယှဉ်ပြိုင်ရာမှ ရွှေတံဆိပ် ၂၁ ဆု၊ ငွေတံဆိပ် ၂၅ ဆု၊ ကြေးတံဆိပ် ၆၈ ဆု စုစုပေါင်း ၁၁၄ ဆုရရှိခဲ့သည်ကို နိုင်ငံတော်က ဆုကြေးငွေစုစုပေါင်း ငွေကျပ် သုံးထောင့်သုံးရာသုံးဆယ့်သုံးသိန်းတိတိချီးမြှင့်ခဲ့သည်။ ယခု ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့အားကစားအဖွဲ့အနေဖြင့် ယခင်ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အကြိမ်များထက် ဆုတံဆိပ်များပိုမိုရရှိအောင် စွမ်းဆောင်ပေးခြင်းသည် မြန်မာအားကစားအဖွဲ့၏အောင်မြင်မှုသမိုင်းကို တိုးတက်မှုနှင့် မှတ်တမ်းတင်သွားနိုင်ခြင်းပင်ဖြစ်သည့်အပြင် နိုင်ငံ့ဂုဏ်ကိုလည်း မြှင့်တင်ပေးရာရောက်မည်ဖြစ်ပေသည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲသည် အာဆီယံဒေသတွင်း၌ အမြင့်မားဆုံးအားကစားပြိုင်ပွဲတစ်ခုဖြစ်သည့်အတွက် ယခုယှဉ်ပြိုင်ပွဲမှတစ်ဆင့် အာရှနှင့်ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများထိ ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး မျှော်မှန်းကြိုးပမ်းသွားကြရမည်ဖြစ်သည်။ အမိမြန်မာနိုင်ငံတော်နှင့် မြန်မာနိုင်ငံသားအားလုံး၏ ဂုဏ်သိက္ခာနှင့်သက်ဆိုင်၍လည်း ပြိုင်ပွဲတိုင်းအနိုင်ရရှိရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မြန်မာအားကစားအဖွဲ့ဝင်အားလုံး၏ ပခုံးထက်တွင်ရှိနေသည်ကိုလည်း သတိပြုနှလုံးသွင်းထားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြိုင်ပွဲဝင်နိုင်ငံ့ကိုယ်စားပြုအားကစားမောင်မယ်များအနေဖြင့် အားကစားနည်းများကို ယှဉ်ပြိုင်ကစားကြရာတွင် မလျှော့သောဇွဲ၊ ပြင်းပြသော လုံ့လဝီရိယတို့အပြင် အနိုင်မခံအရှုံးမပေးသော စိတ်ဓာတ်များဖြင့်ယှဉ်ပြိုင်ကာ နိုင်ငံတော်အတွက် ဆုတံဆိပ်များဆွတ်ခူးကြရမည်ဖြစ်သည်။ အားကစားမောင်မယ်များအတွက် ယခုပြိုင်ပွဲကြီးသည် နိုင်ငံတော်အတွက်ဆုတံဆိပ်များဆွတ်ခူးပြီး အားကစားလူချွန်လူကောင်းများဖြစ်သည်ကို လက်တွေ့ပြသနိုင်မည့် အခွင့်အလမ်းကောင်းတစ်ရပ်လည်းဖြစ်သည်။ အားကစားမောင်မယ်များအနေဖြင့် အဆိုပါအခွင့်အလမ်းကြီးကို အမိအရဆုပ်ကိုင်ကာ နိုင်ငံ့ဂုဏ်ကိုမြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် ၁၇ ရက် သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)
ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉
မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

ရန်ကုန်လိပ်စာ
အမှတ်(၆၄)၊
ကမ္ဘာအေးဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်။

လူကုန်ကူးခံရသူများအနေဖြင့်
အကူအညီလိုအပ်ပါက
ဆက်သွယ်အကူအညီ
တောင်းခံနိုင်ပါသည်။

မန္တလေးလိပ်စာ
ရွှေကျင်သံလမ်းအနီး၊
ဘုန်းတော်တိုးရပ်၊
အောင်မြေသာစံမြို့နယ်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် အင်းဝမြို့ဟောင်းရှိ မောင်အိုအုတ်လမ်းပြုပြင်ထိန်းသိမ်းခြင်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**တံတားဦး ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ဒီဇင်ဘာ ၉ ရက် မွန်းလွဲပိုင်းက တံတားဦးခရိုင် တံတားဦးမြို့နယ် အင်းဝမြို့ဟောင်းရှိ မဟာဇေယျပထ မောင်အိုအုတ်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်ကို တာဝန်ရှိသူများက မောင်အိုအုတ်လမ်းမှာ အရှည် ၂၆၇၆ ပေ၊ အကျယ် ၂၁ ပေရှိပြီး မြစ်သာအင်းမရောက်ခင် အခန်းပေါင်း ၁၇ ခန်းနှင့် မြစ်သာအင်းကျော်ပြီး အခန်းပေါင်း ၄၂ ခန်းရှိကြောင်းနှင့် အုတ်လက်ရန်းမှ သုံးပေမှ လေးပေ ခြောက်လက်မအနက်ထိ အုတ်ကြမ်းခင်းပေါ်အောင် တူးဖော်ဖယ်ရှားထားမှု၊ မူလအုတ်ကြမ်းခင်းပေါ်တွင် ကတ္တရာ ကွန်ကရစ် (Regulation Course) ဒုလေးလက်မနှင့် ကတ္တရာထပ်ပိုးလွှာ(Wearing Course) ဒု သုံးလက်မခင်းကြိတ် ဆောင်ရွက်ထားမှု၊ မောင်အိုအုတ်လမ်း၏ဘေးတစ်ဖက်တစ်ချက်တွင် လမ်းမျက်နှာပြင်မှ သုံးပေအနက် တူးဖော်ထားပြီး နှစ်ပေxနှစ်ပေ ရေမြောင်း ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းများ ဆောင်ရွက်ရာတွင် လစ်ဟာမှုမရှိစေရန် အလေးထားကြပ်မတ်ဆောင်ရွက်သွားရေးနှင့် သက်ဆိုင်ရာ ဌာနများကလည်း လိုအပ်သည့်ကဏ္ဍများ၌ ပါဝင်ပူးပေါင်း ဆောင်ရွက်သွားရေးမှာကြားပြီး ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသော မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ခန္တီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

**ခန္တီး ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခန္တီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခန္တီးမြို့နယ်တွင် ဟင်းသီးဟင်းရွက်ကေ ၁၂၆၀ စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ခန္တီးမြို့နယ်အတွင်း ဟင်းသီးဟင်းရွက် ကေ ၁၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ ကေအားလုံးရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့ သီးနှံတွေစိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးခဲ့ပါတယ်"ဟု ခန္တီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ခန္တီးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန်၊ တောင်သူများ ဟင်းသီးဟင်းရွက်များကို တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တံတားဦးမြို့နယ်အတွင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သော နေအိမ်အဆောက်အအုံများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ငွေနှင့်ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲ ကျင်းပ




**မန္တလေး ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ်အတွင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သော နေအိမ်အဆောက်အအုံများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ငလျင်ဘေးသင့်နေအိမ်များအတွက် ထောက်ပံ့ငွေများနှင့်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက တံတားဦးမြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ငလျင်ဘေးသင့်ပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ငလျင်ကာလအလွန် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကိုပြည်သူလူထု၏ပူးပေါင်းပါဝင်မှုအားတို့ဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်နေကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည့်နေအိမ်များ ပြန်လည်ပြုပြင်နိုင်ရေးအတွက် နေအိမ်အမျိုးအစားအလိုက် ပျက်စီးမှုအလိုက် (လုံးဝ၊ တစ်စိတ်တစ်ပိုင်း) ခွဲခြားပြီး အိမ်တစ်လုံးချင်းစီအတွက် သတ်မှတ်ထားသည့် ထောက်ပံ့နှုန်းထားအတိုင်း ငွေသား၊ အိမ်ဆောက်ပစ္စည်းတို့ဖြင့် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ ပြန်လည်တည်ဆောက်ရာတွင်လည်း ငလျင်ဒဏ်ခံနိုင်အောင် ထည့်သွင်းစဉ်းစားပြီး အဆောက်အအုံတည်ဆောက်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ငလျင်ဒဏ်ခံအဆောက်အအုံများအတွက် သတ်မှတ်ထားသည့်စံချိန်စံညွှန်းများကိုလိုက်နာပြီး တည်ဆောက်သွားရန်လည်း လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် အတွင်းရေးမှူးတို့က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် တိုင်းဒေသကြီးအတွင်းမှ တစ်စိတ်တစ်ပိုင်း ပျက်စီးနေအိမ်များအတွက် ထောက်ပံ့ငွေများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကိုပြည်သူများအားပေးအပ်ခဲ့ရာ ယနေ့အခမ်းအနား၌ ဝါးထရံကာအိမ်၊ တစ်ထပ်ပျဉ်ထောင်အိမ်၊ နှစ်ထပ်ပျဉ်ထောင်အိမ်၊ တိုက်ခံအိမ်၊ တစ်စိတ်တစ်ပိုင်း ပျက်စီး ၄၁၃ လုံး၊ လုံးဝပျက်စီး ၂၇၂ လုံး စုစုပေါင်း ၆၈၅ လုံးအတွက် ထောက်ပံ့ငွေကျပ် ၄၀၉၉၃ ဒသမ ၂၄၇ သန်း၊ အမိုးအတွက် သွပ်အချပ်ရေ ၁၆၀၀၀၊ ဘိလပ်မြေအိတ် ၅၈၈၀၊ သံချောင်းလုံး ၁၈၇ ဒသမ ၇၄၄ တန်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီးနောက် ငလျင်ဘေးသင့်ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ငလျင်ဘေးသင့်ပြည်သူများကိုအားပေးစကားများပြောကြား၍ ထောက်ပံ့ပေးအပ်သည့်ပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက မန္တလေးငလျင်ကြီးကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း တစ်စိတ်တစ်ပိုင်းနှင့် လုံးဝပျက်စီးခဲ့သည့်နေအိမ်များနှင့် တိုက်ခံအိမ်များအတွက် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ လူသေဆုံးသူများ၏ မိသားစုဝင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီး



**ဘုတလင် ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၅၀၃၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသောမြေပဲစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လပထမပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၄ ဒသမ ၄၉ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ မြေပဲ ၃၅၀၃၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မြေပဲခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ကုန်ကျစရိတ် ငွေကျပ် နှစ်သိန်းကျော်ရှိပြီး တစ်ဧကစိုက်ပျိုးပါက မြေပဲတင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက် မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငှက်ပျောသီးမျိုးစုံအဖီးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျောင်းကုန်း ဒီဇင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငှက်ပျောသီးမျိုးစုံ အဖီးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် ငှက်ပျောသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်မှ ဒေသထွက် ငှက်ပျောသီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး အောက်တိုဘာလအတွင်း ငှက်ပျောသီးမျိုးစုံ အဖီးရေ ၅၇၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ငှက်ပျောသီးမျိုးစုံ အဖီးရေ ၇၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါနိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးများတွင် ဖီးကြမ်း၊ ရခိုင်၊ သီးမွှေး၊ ဆင်စွယ် စသည့် ငှက်ပျောအမျိုးအစားများကို အများဆုံး တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"နိုဝင်ဘာလအတွင်းမှာ ငှက်ပျောသီးမျိုးစုံ ရန်ကုန်ဈေးကွက်ဘက်ကို တင်ပို့အားကောင်းခဲ့ပါတယ်။ ဒေသထွက်တွေကိုပဲ တင်ပို့ရောင်းချခဲ့တာပါ။ ငှက်ပျောသီးတွေကို ရေလမ်းကြောင်းအပြင် ကုန်းလမ်းကြောင်းကနေပါ တင်ပို့နေရပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ငှက်ပျောသီးမျိုးစုံအဖီးရေ အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိငှက်ပျောသီးတွေ အရောင်းအဝယ်ကောင်းနေပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ငှက်ပျောသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးဈေးနှုန်းများသည် ဖီးကြမ်းငှက်ပျော အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၊ ရခိုင်ငှက်ပျောအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၉၅၀၀၀၊ သီးမွှေးငှက်ပျောအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၂၂၅၀၀၀၊ ဆင်စွယ်ငှက်ပျော အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# မိုင်းခိုင်းမင်းကြီးဦးယမ်၏ တိမ်မြုပ်နေသောကျမ်းများ(၃)

ဗိုလ်ရှိတ်(ရတနာပူရ)

မိုင်းခိုင်းမင်းကြီးရေးခဲ့သော မှတ်စုကျမ်းကို သိသူအလွန်နည်းပါသည်။ အချို့ကြားပင် ကြားဖူးဟန်မတူပေ။ ထိုသို့ဖြစ်ရခြင်းမှာ မိုင်းခိုင်းမင်းကြီးမှတ်စုကျမ်းသည် ပုံနှိပ်မှုမဟုတ်ဘဲ လက်ရေးမူ၊ ပေမူဘဝဖြင့် တိမ်မြုပ်နေခြင်းကြောင့်ဖြစ်သည်။ အမှန်တကယ်မှာ မိုင်းခိုင်းမင်းကြီးကဲ့သို့ ထင်ရှားသော ပညာရှိကြီးတစ်ဦး၏မှတ်စုသည် ပုံနှိပ်မှုဖြင့် စာပေစင်မြင့်တွင် တင့်တင့်တယ်တယ်ရှိသင့်သော ကျမ်းဖြစ်သည်။

မြန်မာတို့တွင် မှတ်စုမှတ်ခြင်းဓလေ့သည် ရှေးယခင်ကတည်းကရှိသည်။ ကုန်းဘောင်ခေတ် မှန်နန်းရာဇဝင်တော်ကြီး ပြုစုရေးအဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးဖြစ်သော မုံရွေးဆရာတော်သည် မှတ်စုကိုရေးသား မှတ်တမ်းတင်ခဲ့သည်။ မုံရွေးဆရာတော် ရေးခဲ့သော မှတ်စုသည် စာအုပ်မူအဖြစ် ရိုက်နှိပ်ထားသောကြောင့် သိသူများထင်ရှားသည်။ သုတေသီတို့ အကိုးအကားပြုစုသော မှတ်စုကျမ်းဖြစ်ခဲ့သည်။ ထို့ကြောင့် မြန်မာတို့သည် ရှေးယခင်ကတည်းက မှတ်စုရေးမှတ်သည့်ဓလေ့ရှိသည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်သည်။

မှတ်စုဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးက ကိုယ်နှင့်ဆိုင်သည်ဖြစ်စေ၊ မဆိုင်သည်ဖြစ်စေ တွေ့မြင်၊ ဖတ်မှတ်၊ ကြားထားသမျှကို စုဆောင်းမှတ်တမ်းတင်ထားသည့်စာမျိုးပင်ဖြစ်သည်။ မြန်မာအဘိဓာန်၌ မှတ်စုကို "စုဆောင်းမှတ်သားထားသော စာစု"ဟု အဓိပ္ပာယ်ဖွင့်ပြထားသည်။ မြန်မာအဘိဓာန်အကျဉ်းချုပ် အတွဲ(၃)၌ မှတ်စု၏အဓိပ္ပာယ်ကို "တစည်းတပေါင်းတည်း သွင်းမှတ်ထားသော စာစု၊ မှတ်သားချက်များ"ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ပါဠိဘာသာအားဖြင့် သုတသန္နိစယ ဟုခေါ်သည်။ တွေ့မြင်ကြားမိသမျှကို မေ့ပျောက်သွားခြင်းမရှိအောင် ရေးမှတ်စုဆောင်းထားသည်ကို ပါဠိဘာသာဖြင့် သုတသန္နိစယဟုဆိုသည်။ ထို့ကြောင့် သုတသန္နိစယ ကျမ်းဟူသောအမည်ရှိကျမ်းသည် မှတ်စုကျမ်းပင်ဖြစ်သည်။ မှတ်စုသည် အလွန်တန်ဖိုးရှိသော စာတစ်မျိုးပင်ဖြစ်သည်။ ဗဟုသုတ၊ ပညာဉာဏ်ဖြင့် ပြည့်စုံသူတစ်ဦး ရေးမှတ်ခဲ့သော မှတ်စုမျိုးသည် သုံးမကုန်အောင် အကျိုးရှိသောစာများဖြစ်တတ်ပေသည်။ မှတ်စု၏တန်ဖိုးကို မြန်မာပညာရှိတစ်ဦးက "သုတသန္နိစယခေါ် မှတ်စုစာတိုပေစကလေး တချို့သည် ရေးစဉ်က တန်ဖိုးမရှိသလိုဖြစ်ခဲ့သော်လည်း နောက်အခါတွင် တန်ဖိုးမဖြတ်နိုင်အောင်ရှိလာ တတ်ပေသည်။ သောင်းပြောင်းထွေလာစုပုံထားသော သံပုံးအတွင်းရှိ အချို့သံတိုသံစကလေးများသည် မလိုအပ်သူအဖို့ တန်ဖိုးမရှိသလိုဖြစ်သော်လည်း လိုလားသူတို့အဖို့ တန်ဖိုးရှိလှသောသံတိုသံစကလေးများဖြစ်လာသကဲ့သို့ပင်ဖြစ်ပေသည်။ ရှေးက ရဟန်းပညာရှိကြီးတို့သည် တွေ့မြင်ကြားသိရသမျှကို လက်မလွတ်တမ်း မှတ်စုများရေးသားထားကြသဖြင့် လောကီ၊ လောကုတ္တရာဆိုင်ရာ မှတ်စုမှတ်ရာအဖြာဖြာကြွယ်ဝသူ ဗဟုသုတပုဂ္ဂိုလ်အဖြစ်သို့ အလိုလိုပင်ရောက်ရှိလေတော့သည်။ ယခုခေတ် ဗဟုသုတပုဂ္ဂိုလ်နည်းပါးသည်မှာ မှတ်စုမှတ်ရာမရှိ တွေ့မြင်ကြားသိရသမျှ မေ့ပျောက်ကြသောကြောင့်ဟုဆိုက မှားမည်မဟုတ်ပေ"ဟူ၍ ရေးသားခဲ့ဖူးပါသည်။

**မိုင်းခိုင်းမင်းကြီးမှတ်စုစာမူများ**

မိုင်းခိုင်းမင်းကြီးမှတ်စုပေမူကို ရှာဖွေတွေ့ရှိသူမှာ မန္တလေးမြို့ အနောက်ခင်မကန်တိုက်၊ ကျောက်ဆောက်ကျောင်းဆရာတော် အရှင်ဝါသဝဖြစ်သည်။ ထိုပေမူကို အမရပူရမြို့ တောင်လေးလုံးကျောင်းဆရာတော် ကိုပညာ(အမရပူရ)က လက်ရေးမူအဖြစ် ကူးယူခဲ့သည်။ ကိုပညာ(အမရပူရ)ကူးယူထားသော လက်ရေးမူကို ထွန်းရီ(ရှေးဟောင်းသုတေသီ)က စာကူးစက်မှုဖြင့် မူပွားဖြန့်ချိခဲ့ဖူးသည်။ သို့သော် စောင်ရေအနည်းသာဖြန့်နိုင်ခဲ့သဖြင့် သိသူနည်းသည်။ ပုံနှိပ်မှုမဟုတ်သောကြောင့် တွင်ကျယ်မှုမရှိခဲ့ပေ။ စာရေးသူသည် မိုင်းခိုင်းမင်းကြီးမှတ်စု လက်ရေးမူတစ်စောင်ကို ဆရာကြီးထွန်းရီ(ရှေးဟောင်းသုတေသီ)ထံမှ ရရှိခဲ့ပါသည်။

**မိုင်းခိုင်းမင်းကြီးမှတ်စုပေါ်ထွက်ရာခေတ်**

မိုင်းခိုင်းမင်းကြီး ဦးယမ်သည် မိုင်းခိုင်းမင်းကြီးမှတ်စုကို မည်သည့်ခေတ်တွင် နောက်ဆုံးရေးမှတ်ထားခဲ့သည်ကို မသိရပေ။ မိုင်းခိုင်းမင်းကြီးသည် သာယာဝတီမင်းလက်ထက်မှသည် သီပေါမင်းလက်ထက်ထိ မင်းလေးဆက်တိုင် မြှောက်စားချီးမြှင့်ခံခဲ့ရသူဖြစ်သည်။ ကွယ်လွန်ခဲ့သည်မှာ ကိုလိုနီခေတ်ဦးပိုင်းကာလဖြစ်သည်။ မိုင်းခိုင်းမင်းကြီးသည် မှတ်စုများကို ဖတ်မှတ်ထားသောကျမ်းများမှ သင့်နိုးရာရာ၊ မှတ်သင့်သည့်အရာများကို ကာလရှည်မှတ်ထားခဲ့ဟန်ရှိသည်။ နောက်ဆုံးကွယ်လွန်သည့် ကိုလိုနီခေတ်ဦးကာလထိ မှတ်စုကိုရေးမှတ်ထားသည်ဆိုပါက မိုင်းခိုင်းမင်းကြီးမှတ်စုသည် ကိုလိုနီခေတ်ဦးတွင် နောက်ဆုံးပြုစုခဲ့သည်ဟု ဆိုနိုင်ပါသည်။ မှတ်စုဟူသောသဘောသည် အခြားပျို့များ၊ ကျမ်းများကဲ့သို့ တစ်စောင်တစ်ဖွဲ့ပြုစုသော ကျမ်းမဟုတ်သောကြောင့် ကျမ်းပြီးနိဂုံးလည်းမပါရှိပေ။ ခန့်မှန်းခြေ ကိုလိုနီခေတ်ဦးကာလထိ မှတ်စုရေးမှတ်ခဲ့သည်ဟု ယူဆနိုင်ပါသည်။

**မှတ်စုတွင်ပါဝင်သောစာအမြုတေများ**

မှတ်စုဟူသောအမည်အတိုင်း မိုင်းခိုင်းမင်းကြီးမှတ်စုတွင် မှတ်သားစရာ စာအမြုတေများစွာပါဝင်နေပါသည်။ မှတ်သားထားသည့် အကြောင်းအရာများမှာလည်း စုံလင်လှပါသည်။ ပျို့ကဗျာများ၊ ရတုများ၊ မော်ကွန်း၊ လေးချိုး၊ မေတ္တာစာ၊ မင်းခမ်းတော်၊ ရာဇအရေး၊ စည်တီးနည်းများ စသည်ဖြင့်စုံလင်လှသည်။ မိုင်းခိုင်းမင်းကြီးမှတ်စုတွင် ပါဝင်သောအကြောင်းအရာများကို စာရင်းတင်ကြည့်လျှင် ဤသို့တွေ့ရပါသည်-

၁။ လေးချိုးများ
၂။ ဒွေးချိုးများ
၃။ တေးထပ်
၄။ လင်္ကာ
၅။ တေး-သီချင်း
၆။ မော်ကွန်း
၇။ ပဟေဠိကဗျာ
၈။ သိုက်စာ
၉။ ဇာတ်ချင်း
၁၀။ ခြင်းပေါ်သံ
၁၁။ သံထောက်
၁၂။ သွင်းစာ
၁၃။ ရတု
၁၄။ မေတ္တာစာ
၁၅။ အမတ်တင်လွှာများ
၁၆။ ပေစာနိဂုံးများ
၁၇။ ရာဇပရိယာယ် ၂၃ ပါး
၁၈။ ဝင်ကိုးစောင်စာရင်း
၁၉။ စည်တော်စုံတီးနည်း
၂၀။ ထီးဖြူရှစ်စင်း
၂၁။ မင်းခမ်းတော် ၂၂ ပါး
၂၂။ ကိုးသပေါက်စာရင်း

❖ တွေ့မြင်ကြားမိသမျှကို မေ့ပျောက်သွားခြင်းမရှိအောင် ရေးမှတ်စုဆောင်းထားသည်ကို ပါဠိဘာသာဖြင့် သုတသန္နိစယဟုဆိုသည်။ ထို့ကြောင့် သုတသန္နိစယကျမ်းဟူသောအမည်ရှိ ကျမ်းသည် မှတ်စုကျမ်းပင်ဖြစ်သည်။ မှတ်စုသည် အလွန်တန်ဖိုးရှိသော စာတစ်မျိုးပင်ဖြစ်သည်။ ဗဟုသုတ၊ ပညာဉာဏ်ဖြင့် ပြည့်စုံသူတစ်ဦးရေးမှတ်ခဲ့သော မှတ်စုမျိုးသည် သုံးမကုန်အောင် အကျိုးရှိသော စာများဖြစ်တတ်ပေသည်။ မှတ်စု၏တန်ဖိုးကို မြန်မာပညာရှိတစ်ဦးက "သုတသန္နိစယ ခေါ် မှတ်စုစာတိုပေစကလေးတချို့သည် ရေးစဉ်က တန်ဖိုးမရှိသလိုဖြစ်ခဲ့သော်လည်း နောက်အခါတွင် တန်ဖိုးမဖြတ်နိုင်အောင်ရှိလာတတ်ပေသည်။ ❖

၂၃။ သင်းသီး ၁၈ ပါး
၂၄။ အသည်၊ အလာ၊ ကပွါး၊ စုခြား
၂၅။ လင်အမွေမခံထိုက်သည့် မိန်းမတကျိပ်ရှစ်
၂၆။ ဝေဿန္တရာဇာတ်လာ အင်္ဂါယုတ်ဆယ့်ရှစ်ပါးအချုပ်

**မှတ်စုအတွင်းမှ ကောက်နုတ်ချက်များ**

မိုင်းခိုင်းမင်းကြီးမှတ်စုတွင် အဖိုးတန်သောမှတ်စုပေါင်းများစွာပါရှိနေသည်။ မိုင်းခိုင်းမင်းကြီးမှတ်စုတွင် ပါရှိသော အချို့မှတ်သားချက်များသည် အခြားကျမ်းများတွင်ရှာ၍မတွေ့နိုင်သော မှတ်သားချက်များဖြစ်သည်။ ဥပမာအားဖြင့် မိုးတားမြို့စား စိန္တကျော်သူဦးရွှဲ၏ "စိန်တန်ဆောင်၊ ရှိန်ရောင်ကို"အစချီကဗျာတစ်ပုဒ်မှာ မိုင်းခိုင်းမင်းကြီးမှတ်စုတွင်သာပါရှိသည်။ အခြားကျမ်းများတွင်မပါရှိပေ။ မိုင်းခိုင်းမင်းကြီးသည် သူ၏မှတ်စုတွင် ကဏ္ဍပေါင်းစုံရေးမှတ်ထားသည်ကို တွေ့ရသည်။ မိုင်းခိုင်းမင်းကြီးမှတ်စုမှ သင့်နိုးရာရာများကို ကောက်နုတ်ဖော်ပြပါဦးမည်။

ရှေးက နိုင်ငံအတွင်းနေထိုင်သူများကို "အသည်၊ အလာ၊ ကပွါး၊ စုခြား"ဟူ၍ ခွဲခြားခေါ်ဝေါ်မှုများရှိသည်။ ထိုသို့ခွဲခြားသတ်မှတ်ထားသော လူလေးမျိုးကို အသည်ဆိုသည်မှာ မည်သို့သောသူကိုခေါ်သည်၊ အလာဆိုသည်မှာ မည်သို့သော သူကိုခေါ်သည် စသည်ခွဲခြားချက်များကို မိုင်းခိုင်းမင်းကြီးက လင်္ကာစီကုံး၍ မှတ်စုထုတ်ထားသည်မှာ-

"စုလွတ်နယ်တွင်း၊ မီတင်း၌ာဝရ၊ ဖြစ်လကမူ၊
အသည်ဟူ၏၊ မတူနယ်သာ၊ စုလွတ်မှာကို၊
ကပွါးဆို၏၊ ထိုကပွါးက၊ အသည်မနှင့်၊
ကျလျှင်အလာ၊ မှတ်ပြီးခါမှ၊ တမောစေးရှော်၊
ကော်အုံတုံလဲ၊ တင်လဲအုတ်ရှစ်၊ မရိုးစစ်မီးသွေး၊
ရေးရန်ထန်းဘူးစည်း၊ မန်ကျည်းမှည့်တထွေ၊
ရေနံပွက်ရက်၊ ဆဲ့နှစ်ချက်ကို၊ သန်လျက်ခုံကမ်း၊
ညောင်ရမ်းမင်းတရား၊ ပြဋ္ဌာန်းထား၏၊ တခြားထိုမှ၊
နောင္ဍယုယု၊ သုံးစုတွင်ဘက်၊ တပျက်လွန်ဆန်၊
ဘန်းဓားမွှန်ဟုု၊ ကွဲပြန်သော်လည်း၊ ရှေးနည်းသာခိုင်၊
အသည်ဆိုင်ရှင့်၊ လုပ်ကိုင်ချောဝန်၊ မှန်သမျှမှာ၊
သည်-လာ-ကပွါး၊ စုခြားလေးဖြာ၊ ကြေးသုံးရာက၊
တဝက်ကျစီ၊ ကမယထာ၊ ဆုံစေရာသည်၊
စည်လာမှတ်ရန် ထုံးတမ်းတည်း။" ဟူ၍ဖြစ်သည်။

မြန်မာမင်းတို့လက်ထက်က ကိုးသပေါက်အမှုထမ်းဟူ၍ရှိသည်။ ထိုကိုးသပေါက် အမှုထမ်းအမည်ကိုးမျိုးကိုလည်း မိုင်းခိုင်းမင်းကြီးက မှတ်တမ်းတင်ထားခဲ့သည်မှာ "ပဲကူးသပေါက်၊ ပြည်ကြီးသပေါက်၊ သပေါက်စစ်၊ သပေါက်မှန်၊ ခွင်သဘောက်၊ သဘောက်စံ၊ ရွှေသပေါက်၊ သပေါက်တော်၊ သပေါက်ကျော်" ဟူ၍ဖြစ်သည်။

မိုင်းခိုင်းမင်းကြီးသည် လူတို့၏ရုပ်ရည်အင်္ဂါနှင့်ပတ်သက်၍လည်း မလွတ်တမ်းမှတ်သားထားသည်ကို တွေ့ရသည်။ မိုင်းခိုင်းမင်းကြီးက ယုတ်ညံ့သောလူ၏ အင်္ဂါ ၁၈ ချက်ကိုလည်း ကဗျာစီကုံး၍ မှတ်တမ်းတင်ထားသည်။ ယုတ်ညံ့သောလူတို့တွင် ရှိတတ်သည့် အင်္ဂါ ၁၈ မျိုးကို

"ဘဝါးပြက်ကျယ်၊ သလုံးတွဲနှင့်၊ ရည်ရွဲရိုထွက်၊
မုတ်ဆိတ်နီနှာရောင်ကောက်နှင့်၊ ဝမ်းပိုက်စူ၊
အစွယ်ပြူးမဲ့ထွေများလို့၊ ခါး၊ လည်ဂုတ်၊
ကျောက်ကောက်သုံးထွေ၊ တွန့်လိမ်ရေဆံနီကွေး၊
ရေးမျက်ကြောင်စီ၊ ခြေသည်းလက်သည်း
ပုပ်မည်းမည်း၊
အောက်နှုတ်ခမ်းလည်းတွဲမညီ၊ မျက်စိနှစ်လီ၊
ကျဉ်းကျယ်နှောလို့၊ အကြောပြိုင်းပြိုင်း
ထသည့်ပြင်၊
သွားလျှင်ခြေသံ-ဆိုးဆိုးဆတ်ဆတ်၊ ကိုယ်ပေါက်
ကိုယ်ရောက်၊
သူ့ထက်သာ၊ ယုတ်ယုတ်မာမာကြီးဘိမတ်မတ်၊
တဆဲ့ရှစ်ပါးယုတ်အင်္ဂါ၊ အများဗိုလ်ပါ ကြားသိ
မြဲမှတ်"ဟူ၍ မှတ်စုထုတ်ခဲ့ပါသည်။

မိုင်းခိုင်းမင်းကြီးသည် မြန်မာမင်းများလက်ထက်က အလှူတော်ရေစက်ချပွဲတွင် ရှေ့တော်ပြေးစည်တော် ခုနစ်လုံးတီးသည်ကိုလည်း မှတ်တမ်းတင်ခဲ့ပါသည်။ အလှူတော်ရေစက်ချ ရှေ့တော်ပြေးစည်တီးနည်းမှာ နန်းဓလေ့ထုံးစံဖြစ်သည်။ မိုင်းခိုင်းမင်းကြီး၏ မှတ်စုကြောင့်သာ ရှေ့တော်ပြေးစည်တီးနည်းကို သိရသည်။ စည်တီးနည်းမှာ-

"နှဲကြီးနှဲငယ်က တျောသံနှင့်စ၍ တေတျောအသံရှည်မှုတ်သည်။ ခရာ၊ လင်းကွင်းတီးသည်။ တျာခံ၍ လျောက်ပတ်သည့်သီချင်းကို မှုတ်သည်။ စည်တော်ခုနစ်လုံး တညီတည်းရွှမ်းသည်။ ပြီးလျှင် အလှူတော်ကို ဆောင်ယူ၍ သွားသည်ကာလအထက်နည်းပုံခံ၍ ခရာစည်ပုတ်လည်း အထက်နည်းပင်လိုက်သည်။ လင်းကွင်းမှာ အချက်အလိုက် သင့်အောင်လိုက်သည်။ စည်ချက်နှင့်နှဲက တျာဘွဲ့သင့်ရာသီချင်းကို မှုတ်သည်"ဟူ၍ဖြစ်သည်။

မိုင်းခိုင်းမင်းကြီးမှတ်စုမှ ကောက်နုတ်ချက်များကို ဤမျှဖြင့်သာ နိဂုံးချုပ်ပါမည်။ မိုင်းခိုင်းမင်းကြီးမှတ်စုတွင် မြန်မာစာလေ့လာလိုသူများ၊ သမိုင်းသုတေသီများ၊ နန်းသုံးတော်ဝင်မင်းခမ်းတော်များကို လေ့လာချင်သူများအတွက် တန်ဖိုးမဖြတ်နိုင်သောကျမ်းဖြစ်သည်။ သို့သော် အများလေ့လာနိုင်အောင် ပုံနှိပ်မှုဖြင့်မရှိသည်မှာ ဝမ်းနည်းဖွယ်ကောင်းသည်။ အများလေ့လာလွယ်အောင် ပုံနှိပ်မှုသို့ရောက်ရှိအောင် ကြိုးစားသင့်သောကျမ်းတစ်စောင်ဖြစ်သည်။

## (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၁၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မင်းကင်း ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၁၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၉၀၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၁၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၃၉၀၂ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၁၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေ အများဆုံး စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန် အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် အသိပညာများ ပေးခြင်းနှင့် တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

## အလှကိုယ်စီ ရှိနေကြသည်

\- ကောင်းကင်က ပြာ
ရှစ်ခွင်လွှာ လှဂုဏ်ဆန်း၊
ဟေမန်မည် ဆောင်းသရုပ်က
ငွေဆံချည် ခေါင်းအရှုပ်နဲ့
အေးထုပ်ကို ကမ်း။

\- မြောက်လေက ရွှင်
ပန်းသဇင် ရနံ့မွှေး၊
အမြတ်ဖော်ပုံ လက်ရာမြောက်တော့
နတ်တော်ဂုဏ် ခက်ဖြာအမောက်က
ထွန်းတောက်တယ်လေး။

\- ဝေ့ဝဲသော မြူ
အဖြူရောင် ပုံဟန်ခင်း၊
နေအရှိန် တိုးတိုးလက်တော့
လေအငြိမ် ခိုးခိုးထွက်
နံနက်ချိန်တွင်း။

\- မြစ်ရေက ကြည်
တိမ်ပန်းချီ အုပ်မိုး၊
တို့တိုင်းတွင် ရွှေဝါထွန်းတော့
ညို့လှိုင်းယဉ် ရောတစ်ဝန်းမှာ
ရွှန်းလဲ့လဲ့ဖြိုး။

\- စာဆိုတို့ပျော်
နတ်တော်မှာ လန်းမွေ့၊
ပူမှုမကြို အရှိဘဝနဲ့
လူထုကို အသိမှုတော့
မြတ်လှပါပေ့။ ။

ချမ်းမြေ့(ဇလွန်မြေ)

## မိုးနဲမြို့နယ် လင်ဖူးကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးဆောင်ရွက်နေမှု စစ်ဆေး

**မိုးနဲ ဒီဇင်ဘာ ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် လင်ဖူးကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်ခိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာများက လင်ဖူးကျေးရွာတွင် ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာရေရရှိရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားခဲ့သည်။

လင်ဖူးကျေးရွာ၌ အနက်ပေ ၄၂၀၊ အကျယ် လေးလက်မရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဆိုလာစနစ်ဖြင့် အမြင့်တင် ရေပိုက်လိုင်းတပ်ဆင်ခြင်း၊ ဂါလန် ၃၀၀၀ ဆံ့နှင့် ဂါလန် ၂၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း လုပ်ငန်းများ နှင့်ဆက်စပ်လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၈ ဒသမ ၄၉၂ သန်းဖြင့် မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ အင်ဂျင်နီယာ များနှင့် ကျေးရွာသူ၊ ကျေးရွာသားများပူးပေါင်း၍ ယခုနှစ် စက်တင်ဘာလ စတုတ္ထပတ်က စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပါက အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် သန့်ရှင်းသောသောက်ရေ၊ သုံးရေများ ရာသီမရွေး ဖူလုံစွာရရှိမည်ဖြစ်ကြောင်း မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောပြ၍ သိရသည်။

မောင်ခိုင်

## ကဝမြို့နယ် မကျက်ကြီးကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကဝ ဒီဇင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကျက်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF) စီမံကိန်းလုပ်ငန်းများဖြစ်သော မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်နှင့် ဝန်ထမ်းများက မကျက်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက စီမံကိန်းဆိုင်ရာ စာရင်းဇယားများ ဖြည့်သွင်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါမကျက်ကြီးကျေးရွာ၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သော အဖွဲ့တစ်ဖွဲ့လျှင် အသင်းသား၊ အသင်းသူ ၁၀ ဦးစီဖြင့် ရောင်နီဦး၊ တိုးတက်အောင်၊ အားမာန်နှင့် ကြီးပွား စသည့်အဖွဲ့လေးဖွဲ့ကို တစ်ဖွဲ့လျှင် ငွေကျပ် ၇ ဒသမ ၅ သန်းစီဖြင့် RBF စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သုတ

## နိုင်ငံတကာ သတင်းများ

# ဒုံးပစ်လောင်ချာစနစ်များ မြောက်ကိုရီးယား စမ်းသပ်



**ဆိုးလ် ဒီဇင်ဘာ ၁၀**

မြောက်ကိုရီးယား နိုင်ငံသည် ဒီဇင်ဘာ ၉ ရက်တွင် ဒုံးပစ်လောင်ချာစနစ် ပစ်ခတ်စမ်းသပ်မှုများပြုလုပ်ခဲ့ကြောင်း တောင်ကိုရီးယားတပ်မတော်က သတင်းထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကိုရီးယား အလုပ်သမားပါတီ ဗဟိုကော်မတီ မျက်နှာစုံညီ ညီလာခံကို ပြုံယမ်းမြို့၌ စတင်ကျင်းပနေချိန်တွင် ဒုံးပစ်လောင်ချာစနစ်များကို မြောက်ကိုရီးယားက စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်ကိုယ်တိုင် ဦးဆောင်တက်ရောက်နေသော ကိုရီးယား အလုပ်သမားပါတီ ဗဟိုကော်မတီ မျက်နှာစုံညီ ညီလာခံ၌ အဓိကမူဝါဒရေးရာများကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယား တပ်မတော်သည် ဒုံးပစ်လောင်ချာများကို ကိုရီးယားကျွန်းဆွယ် အနောက်ဘက်မှ တစ်ဆင့် ပင်လယ်ဝါရေပြင်ဘက်သို့ ပစ်ခတ်စမ်းသပ်ခဲ့ခြင်း ဖြစ်ကြောင်း တောင်ကိုရီးယား တပ်မတော် တာဝန်ရှိသူများက ပြောကြားသည်။

ဒီဇင်ဘာ ၉ ရက် ဒုံးပစ်လောင်ချာပစ်ခတ်မှုသည် မြောက်ကိုရီးယား တပ်မတော်က ဆောင်းရာသီကာလအတွင်း ပုံမှန်ပြုလုပ်သည့် စစ်ရေးလေ့ကျင့်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း တောင်ကိုရီးယားမီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ထိုင်းနိုင်ငံ၌ ကျင်းပနေသော ဆီးဂိမ်းပြိုင်ပွဲမှ ကမ္ဘောဒီးယားအားကစားအဖွဲ့များ နုတ်ထွက်

**ဖနောင်ပင် ဒီဇင်ဘာ ၁၀**

လုံခြုံရေးဆိုင်ရာ အကြောင်းရင်းများကြောင့် ထိုင်းနိုင်ငံ၌ကျင်းပနေသည့်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)မှ ကမ္ဘောဒီးယား အသင်း နုတ်ထွက်သွားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ထိုင်းနှင့် ကမ္ဘောဒီးယားတို့ကြား နှစ်နိုင်ငံနယ်စပ် ပဋိပက္ခများ ယနေ့တွင် တတိယမြောက်နေ့အဖြစ် ဆက်လက်ဖြစ်ပွားနေစဉ် ဆီးဂိမ်းပြိုင်ပွဲမှ ကမ္ဘောဒီးယားနိုင်ငံ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဒီးယားအားကစားသမားများ အိမ်ပြန်ခွင့်ပေး၍ မိသားစုဝင်များ၏ မေတ္တာရပ်ခံချက်အရလည်းကောင်း၊ အားကစားသမားများအတွက် လုံခြုံရေးဆိုင်ရာကြောင်းရင်းများကြောင့် လည်းကောင်း ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ရကြောင်း ကမ္ဘောဒီးယား အမျိုးသားအိုလံပစ်ကော်မတီက ဆီးဂိမ်းပြိုင်ပွဲတာဝန်ရှိသူများကို ပြောကြားခဲ့သည်။

ထိုင်းနှင့် ကမ္ဘောဒီးယားတို့ကြား နှစ်နိုင်ငံ နယ်စပ်ပဋိပက္ခများမှာ ဒီဇင်ဘာ ၈ ရက်တွင် စတင်ဖြစ်ပွားခဲ့ပြီး ယခုနှစ်အတွင်း ဒုတိယအကြိမ်အဖြစ် ထပ်မံဖြစ်ပွားခဲ့သော နိုင်ငံနယ်စပ် ပဋိပက္ခများဖြစ်သည်။

ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ယခုနှစ် ဇူလိုင်လအတွင် ငါးရက်ကြာ နယ်စပ်ပဋိပက္ခများဖြစ်ပွားခဲ့ရာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ကြားဝင်မှုဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရယူထားသော နိုင်ငံများဖြစ်ကြသည်။

ကုန်းမြေချင်း မိုင် ၅၀၀ ကျော် ထိစပ်နေသည့် ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံတို့သည် ရှေးယခင်ကလည်း နယ်စပ်အငြင်းပွားမှုပြဿနာများက စစ်ရေးပဋိပက္ခများ ဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**




# တရုတ်နိုင်ငံ၌ လေးထပ်အဆောက်အအုံ မီးလောင်မှုဖြစ်ပွား လူ ၁၂ ဦး သေဆုံး

**ပေကျင်း ဒီဇင်ဘာ ၁၀**

တရုတ်နိုင်ငံတောင်ပိုင်း ရှန်တူမြို့၌ လေးထပ်အဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ရာ လူ ၁၂ ဦးသေဆုံးခဲ့သည်ဟု တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ လေးထပ် လူနေအဆောက်အအုံ မီးလောင်မှုသည် ဒီဇင်ဘာ ၉ ရက် ညပိုင်းတွင် ဖြစ်ပွားခဲ့ပြီးနောက် မိနစ် ၄၀ အကြာတွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ရှန်တူမြို့ လေးထပ်အဆောက်အအုံ မီးလောင်မှုသည် ဟောင်ကောင် အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ အထပ်မြင့်လူနေအိမ်ရာ မီးလောင်မှုဖြစ်ပွားခဲ့ပြီး ရက်သတ္တနှစ်ပတ်အကြာတွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ဝန်ဖက်ခ်အမည်ရှိ အဆိုပါ အထပ်မြင့်လူနေအိမ်ရာ မီးလောင်မှုကြောင့် သေဆုံးသူဦးရေမှာ ယနေ့တွင် ဦးရေ ၁၆၀ ထိ ရှိလာခဲ့ရာ ဟောင်ကောင်ဒေသအတွက် နှစ်ပေါင်းများစွာအတွင်း အသေအပျောက်အများဆုံး မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ဝန်ဖက်ခ် အထပ်မြင့် လူနေအိမ်ရာမီးလောင်မှုကြောင့် တရုတ်နိုင်ငံသည် ပြီးခဲ့သည့် လအတွင်း တရုတ်ပြည်မကြီးရှိ အထပ်မြင့်အဆောက်အအုံများ၏ မီးဘေးကာကွယ်ရေးစနစ်များကို စတင်စစ်ဆေးခဲ့သည်။

ယခုနှစ် ဧပြီလကလည်း တရုတ်နိုင်ငံမြောက်ပိုင်း ဟီပေပြည်နယ် သက်ကြီးစောင့်ရှောက်ရေးဂေဟာ တစ်ခု၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ လူဦးရေ ၂၀ သေဆုံးခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



# မော်ရိုကို၌ အဆောက်အအုံနှစ်လုံးပြိုကျ လူ ၁၉ ဦးသေဆုံး၍ ၁၆ ဦးဒဏ်ရာရ

**ရာဘတ် ဒီဇင်ဘာ ၁၀**

မော်ရိုကိုနိုင်ငံ ဖက်စ်မြို့၌ လူနေအဆောက်အအုံ နှစ်လုံး ပြိုကျခဲ့ရာ လူ ၁၉ ဦးသေဆုံး၍ ၁၆ ဦးဒဏ်ရာများရခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လူနေအဆောက်အအုံ နှစ်လုံး ပြိုကျမှုသည် ဒီဇင်ဘာ ၉ ရက် ညပိုင်းတွင် ဇူဂါခရိုင်၌ ဖြစ်ပွားခဲ့သည်။

အဆောက်အအုံများ ပြိုကျမှုကြောင့် သေဆုံးခဲ့သူများတွင် ကလေး လေးဦးလည်းပါဝင်ကြောင်း မော်ရိုကို ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

လက်ရှိတွင် အဆောက်အအုံ အပျက်အစီးများ ကြားတွင် အသက်ရှင်ကျန်ရစ်သူများ ရှိ၊ မရှိကို ရှာဖွေကယ်ဆယ်ရေးသမားများက ရှာဖွေနေကြဆဲဖြစ်သည်။

အဆိုပါအဆောက်အအုံ နှစ်လုံး ပြိုကျမှု နောက်ခံအကြောင်းရင်းကို ဖက်စ်မြို့ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

သို့ရာတွင် မော်ရိုကို ပြည်တွင်းမီဒီယာအချို့၏ အဆိုအရ ယင်းအဆောက်အအုံနှစ်လုံးမှာ ခိုင်ခံ့မှုမရှိခြင်းကြောင့် ပြိုကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Ref : Xinhua**
**Trs : KKO**

# ယူနက်စကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များစာရင်းတွင် အိန္ဒိယ၏ ဒီပါဝလီမီးထွန်းပွဲတော်ကို ထည့်သွင်း

**ဒေလီ ဒီဇင်ဘာ ၁၀**

အိန္ဒိယနိုင်ငံ၏ ဒီပါဝလီမီးထွန်းပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ စာရင်းထဲသို့ ကုလသမဂ္ဂ ဘာသာရေး၊ ယဉ်ကျေးမှု၊ သိပ္ပံအဖွဲ့ (ယူနက်စကို)က ယနေ့တွင် ထည့်သွင်းခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဒီဇင်ဘာ ၉ ရက်တွင် စတင်ကျင်းပသည့် ယူနက်စကိုအစည်းအဝေးတွင် ယူနက်စကို တာဝန်ရှိသူများက ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များစာရင်းအတွက် ကမ္ဘာ့နိုင်ငံပေါင်း ၇၈ နိုင်ငံတို့က အဆိုပြုတင်သွင်းထားသည့် ယဉ်ကျေးမှုအမွေအနှစ်များကို စိစစ်ရွေးချယ်လျက်ရှိသည်။

ယနေ့ယူနက်စကိုအစည်းအဝေးတွင် ယူနက်စကို တာဝန်ရှိသူများက အိန္ဒိယနိုင်ငံ၏ ဒီပါဝလီမီးထွန်းပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ စာရင်းတွင် ထည့်သွင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ယူနက်စကို၏ အဆိုပါဆုံးဖြတ်ချက်ကို အိန္ဒိယဝန်ကြီးချုပ် မိုဒီက ကြိုဆိုစကား ပြောကြားခဲ့ပြီး ဒီပါဝလီမီးထွန်း ပွဲတော်သည် အိန္ဒိယယဉ်ကျေးမှု၊ ယုံကြည်မှုများနှင့် အလွန်နီးကပ်စွာ ချိတ်ဆက်မိနေသည့် ပွဲတော်ဖြစ်ကြောင်း ၎င်း၏ လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားထားသည်။

ကမ္ဘာ့ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များစာရင်းထဲတွင် ဒီပါဝလီမီးထွန်းပွဲတော်လည်း ပါဝင်လာမှုကို ဂုဏ်ပြုရေးအတွက် ဒေလီမြို့အစိုးရက ပွဲလမ်းသဘင်များ ကျင်းပရန် စီစဉ်ထားသည်။

ဒီပါဝလီ မီးထွန်းပွဲတော်သည် အိန္ဒိယနိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးတွင်လည်း အိန္ဒိယလူမျိုးများ ဆင်နွှဲကြသည့် ယဉ်ကျေးမှုပွဲတော်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## စပေ့စ်အိတ်ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၉ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့



**ဝါရှင်တန် ဒီဇင်ဘာ ၁၀**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် ဒီဇင်ဘာ ၉ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၉ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ်ဂြိုဟ်တု ၂၉ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်လေတပ်စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ကိုးမိနစ်ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် စတားလင့်ခ် ဂြိုဟ်တု ၂၉ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့သည်။


ဒီဇင်ဘာ ၉ ရက်မစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီက ဗင်ဒန်ဘာ့ဂ် လေတပ်စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့သည့် ၁၁၅ ကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## 31/ATLAS ကြယ်တံခွန် ကမ္ဘာဂြိုဟ်ကို အနီးဆုံးမှတ်မှ မဖြတ်ကျော်မီ လှုပ်ရှားမှုပိုအားကောင်းလာ

**ဝါရှင်တန် ဒီဇင်ဘာ ၁၀**

31/ATLAS ကြယ်တံခွန်သည် ကမ္ဘာဂြိုဟ်ကို အနီးဆုံးမှတ်မှ မဖြတ်ကျော်မီ လှုပ်ရှားမှု ပိုအားကောင်းလာကြောင်း သိပ္ပံပညာရှင်များက ဒီဇင်ဘာ ၉ ရက်တွင် ပြောကြားသည်။




31/ATLAS ကြယ်တံခွန်သည် နေအဖွဲ့အစည်းအတွင်း ဝင်ရောက်လာသည့် တတိယမြောက် ကြယ်တာရာဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်ဖြစ်ပြီး ယခုနှစ် ဇွန်လက စတင်တွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါကြယ်တံခွန်သည် နေအဖွဲ့အစည်းကို တစ်နာရီလျှင် မိုင် ၁၃၀၀၀၀ အမြန်နှုန်းဖြင့် ဖြတ်ကျော်ပျံသန်းနေပြီး ဒီဇင်ဘာ ၁၉ ရက်တွင် ကမ္ဘာဂြိုဟ်ကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) အာကာသယာဉ်များ၏ လေ့လာတွေ့ရှိချက်အရ 31/ATLAS ကြယ်တံခွန်သည် ကမ္ဘာမြေကို အနီးဆုံးမှတ်မှမဖြတ်ကျော်မီ မျက်နှာပြင် လှုပ်ရှားမှု ပိုအားကောင်းလာကြောင်း သိရသည်။

အဆိုပါကြယ်တံခွန်သည် နေကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ခဲ့ပြီးနောက် ကမ္ဘာဂြိုဟ်ကို မဖြတ်ကျော်မီ မျက်နှာပြင်လှုပ်ရှားမှု ပိုအားကောင်းလာပြီး အမြီးတန်းတစ်ခု ထပ်မံပေါ်ထွက်လာကြောင်း သိရသည်။

31/ATLAS ကြယ်တံခွန်သည် ဒီဇင်ဘာ ၁၉ ရက်တွင် ကမ္ဘာဂြိုဟ်ကို မိုင်ပေါင်း သန်း ၁၇၀ ကျော် အကွာမှတစ်ဆင့် ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## တရုတ်နိုင်ငံ စီချွမ်ပြည်နယ် ကျောက်သားပြင်တစ်ခုပေါ်၌ ဒိုင်နိုဆောနှင့် အခြားကျောရိုးရှိ ကမ္ဘာဦးသက်ရှိများ၏ကျောက်ဖြစ်ရုပ်ကြွင်းခြေရာများ တွေ့ရှိ

**ပေကျင်း ဒီဇင်ဘာ ၁၀**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ကျောက်သားပြင်တစ်ခုပေါ်၌ ဒိုင်နိုဆောနှင့် အခြားကျောရိုးရှိ ကမ္ဘာဦးသက်ရှိများ၏ ကျောက်ဖြစ်ရုပ်ကြွင်းခြေရာများကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဒီဇင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

အဆိုပါကျောက်ဖြစ်ရုပ်ကြွင်းခြေရာများသည် လွန်ခဲ့သော နှစ်ပေါင်း သန်း ၂၀၀ ခန့်က ဒိုင်နိုဆောများ၏ဆင့်ကဲဖြစ်စဉ်ကို ဖော်ထုတ်ရာတွင် အထောက်အကူပြုနိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

သက်တမ်းအားဖြင့် နှစ်ပေါင်း သန်း ၂၀၀ ခန့် ရှိပြီဖြစ်သော အထက်ပါ ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းခြေရာများကို စီချွမ်ပြည်နယ် တူကျန်းယန်မြို့တော်အနီး ကျောက်လွှာနယ်မြေတွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အထက်ပါ ဒိုင်နိုဆောခြေရာများသည် အသားစားဒိုင်နိုဆောအုပ်စုဖြစ်သည့် သီရိုပေါ့ဒ်အုပ်စုဝင် ဒိုင်နိုဆောများ၏ ခြေရာများဖြစ်ကြကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းခြေရာလမ်းကြောင်း အနီးတွင် သစ်တုံးသစ်ပင်များ၏ ကျောက်ဖြစ် ရုပ်ကြွင်းများကိုပါ တွေ့ရှိထားရာ လွန်ခဲ့သည့်နှစ်ပေါင်းသန်း ၂၀၀ ကျော်မှ ပတ်ဝန်းကျင်ဂေဟစနစ်၏ သဘာဝကို ပြသနေကြောင်း တရုတ်သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ထို့ပြင် အသားစားဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းခြေရာများနှင့်အတူ Archosaur ခေါ် ကျောရိုးရှိ တွားသွားသတ္တဝါများ၏ ခြေရာများကိုပါ တရုတ်သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## Dementia ကြောင့် အသက်ဆုံးပါးနိုင်ခြေကို ရေယုန်ကြီးရောဂါကာကွယ်ဆေးက လျှော့ချနိုင်

**လန်ဒန် ဒီဇင်ဘာ ၁၀**

ရေယုန်ကြီးရောဂါ ကာကွယ်ဆေး(Shingles Vaccine) သည် ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ကြောင့် အသက်ဆုံးပါးနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ဒီဇင်ဘာ ၉ ရက်တွင် ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Zostavax ခေါ် ရေယုန်ကြီးရောဂါ ကာကွယ်ဆေးထိုးနှံထားသူ Dementia လူနာများသည် ၎င်းကာကွယ်ဆေး ထိုးနှံထားခြင်းမရှိသူ Dementia လူနာများနှင့်နှိုင်းယှဉ်ပါက Dementia ကြောင့် အသက်ဆုံးပါးနိုင်ခြေ သိသိသာသာ ကျဆင်းနေတတ်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် Dementia ရောဂါဖြစ်ပွားနေသည့် သက်ကြီးပိုင်း ဦးရေ ၁၄၀၀၀ ကျော်တို့ကို အချိန်ယူစောင့်ကြည့်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ Merck ကုမ္ပဏီက ထုတ်လုပ်သည့် Zostavax ရေယုန်ကြီးရောဂါကာကွယ်ဆေးထိုးနှံထားသူများသည် ထိုးနှံထားခြင်းမရှိသူများနှင့် နှိုင်းယှဉ်ပါက Dementia ရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေ ၃၀ ရာခိုင်နှုန်းခန့်ထိ ပိုမိုနည်းပါးနေတတ်သည်ကိုတွေ့ရကြောင်း သိရသည်။

သို့ရာတွင် အခြားရေယုန်ကြီးရောဂါ ကာကွယ်ဆေးများ၌ အထက်ပါအကျိုးကျေးဇူးမျိုး ရှိ မရှိကို မသိရသေးကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**

## ကော်ဖီအများအပြားသောက်ခြင်းဖြင့် ပိုဆိုးလာနိုင်သည့် နာတာရှည်နာကျင်ကိုက်ခဲမှု လက္ခဏာများကို ငါးစားခြင်းဖြင့် လျှော့ချနိုင်

**ဝါဆော ဒီဇင်ဘာ ၁၀**

ကော်ဖီအများအပြား သောက်ခြင်းဖြင့် ပိုဆိုးလာနိုင်သည့် သက်ကြီးပိုင်းများ၏ နာတာရှည်နာကျင်ကိုက်ခဲမှုလက္ခဏာများကို ငါးစားခြင်းဖြင့် လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက ဒီဇင်ဘာ ၉ ရက်တွင် ပြောကြားသည်။

သို့ရာတွင် ကော်ဖီသောက်သုံးမှုကြောင့် သက်ကြီးပိုင်းများ၏ နာတာရှည်ကိုက်ခဲမှု လက္ခဏာများ ပိုဆိုးလာမှုကို ငါးဟင်းလျာများစားသုံးခြင်းဖြင့် လျှော့ချနိုင်ကြောင်း ပိုလန်သုတေသနပညာရှင်များက ပြောကြားသည်။

ပိုလန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ငါးဟင်းလျာကို အသားပေးထားသည့်ခတ်စာများ စားသုံးသည့် သက်ကြီးပိုင်းများတွင် နာကျင်ကိုက်ခဲမှုလက္ခဏာများမှာ နှစ်နှစ်တာကာလအတွင်း ၄၄ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကော်ဖီသောက်သုံးမှုကြောင့် အာရုံနာ့ဗ်ဆဲလ်များ အနေဖြင့် နာကျင်ကိုက်ခဲမှုဝေဒနာကို ပို၍ခံစားလွယ်လာသော်လည်း ငါး၏ အဆီခတ်တွင်ပါဝင်သည့် ဓာတုဒြပ်ပေါင်းများကမူ နာကျင်ကိုက်ခဲမှုဝေဒနာလက္ခဏာများကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

ထိုနည်းတူ ကဖင်းဓာတ်စားသုံးမှုကို လျှော့ချပေးပါကလည်း နာကျင်ကိုက်ခဲမှုလက္ခဏာများကို လျှော့ချပေးနိုင်ဖွယ် ရှိကြောင်း ပိုလန် သုတေသနပညာရှင်များက သုံးသပ်ထားသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# အင်တာမီယာမီအသင်းက တိုက်စစ်မှူး ဆွာရက်ဇ်ကို သက်တမ်းတိုးရန် ထပ်မံကြိုးပမ်း

**မီယာမီ ဒီဇင်ဘာ ၁၀**

အင်တာမီယာမီ အသင်းသည် အသင်းတွင် ခြေစွမ်းပြနေသည့် တိုက်စစ်မှူးဆွာရက်ဇ်ကို နောက်ထပ်တစ်နှစ် သက်တမ်းတိုးရန် ကြိုးပမ်းနေကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

အသက် ၃၈ နှစ်ရှိ တိုက်စစ်မှူး ဆွာရက်ဇ်သည် ယခုနှစ် ဘောလုံး ရာသီတွင် ပြိုင်ပွဲစုံ ပွဲ ၅၀ ပါဝင် ကစားခဲ့ရာ အသင်းအတွက် သွင်းဂိုး ၁၇ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၇ ကြိမ်ထိပြုလုပ်ကာ ခြေစွမ်းပြသခဲ့ပြီး အသင်းကို မေဂျာလိဂ် ဆုဖလားဆွတ်ခူးခဲ့ရာတွင် အဓိက နေရာမှ ပါဝင်ခဲ့သဖြင့် အသင်း တာဝန်ရှိသူများက ဆက်လက် ထိန်းသိမ်းရန် ပြင်ဆင်ခဲ့ခြင်း ဖြစ်သည်။

လက်ရှိတွင် အင်တာမီယာမီ အသင်းအနေဖြင့် ဆွာရက်ဇ်ကို နောက်ထပ်တစ်ရာသီ အသင်းတွင် ဆက်လက် ထားရှိမည်ဖြစ်သော်လည်း ဘဏ္ဍာရေးအခက်အခဲကြောင့်လုပ်ခလစာလျှော့၍ စာချုပ်သက်တမ်း တိုးလိုသောကြောင့် ဆွာရက်ဇ်နှင့် ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

တိုက်စစ်မှူး ဆွာရက်ဇ်သည် အသင်းတွင် ဆက်လက်ကစားလိုသော်လည်း လုပ်ခလစာ လျှော့ယူရန်ဆန္ဒမရှိသဖြင့် ဥရုဂွေးကလပ် နေစီယွန်နယ်အသင်းက ဆွာရက်ဇ်ကိုပြန်လည်ခေါ်ယူရန် စောင့်ကြည့်နေကြောင်း သိရသည်။

တိုက်စစ်မှူး ဆွာရက်ဇ်သည် မေဂျာလိဂ်ပြိုင်ပွဲသို့ ရောက်ရှိခဲ့ပြီးနောက် ပုံစံကောင်း ပြန်လည်ရရှိခဲ့သဖြင့် ပြိုင်ပွဲစုံ ၈၇ ပွဲတွင် သွင်းဂိုး ၆၂ ဂိုးထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- မန်ယူအသင်းက တိုက်စစ်မှူးရက်ရှ်ဖို့ဒ်ကို အလိုက်ပေးကမ်းလှမ်း၍ ပီအက်စ်ဂျီအသင်းမှ တောင်ပံကစားသမား ဘာကိုလာနှင့် အစားထိုးရန်ဆုံးဖြတ်ထားပြီး ဘာကိုလာ၏ ပြောင်းရွှေ့ကြေးမှာ ယူရို သန်း ၇၀ ထိရှိကြောင်း သိရသည်။
- မက္ကဆီကိုကလပ် မွန်တာရေးအသင်းက ခံစစ်ကစားသမား ရာမို့စ်ကို လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ထွက်ခွာခွင့်ပြုထားသဖြင့် မန်ယူအသင်းက ခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။
- ဘာစီလိုနာအသင်းက ဖရန့်ဖတ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် ဂိုးသွင်းယူခဲ့သည့် ယာမယ်သည် သွင်းဂိုး ၁၄ ဂိုးထိ ရှိလာသောကြောင့် အသက် ၁၈ မပြည့်မီ သွင်းဂိုး ၁၃ ဂိုးထိ သွင်းယူခဲ့သည့် အမ်ဘက်ပီ၏ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။ **ML**

# ဆီးဂိမ်းပြိုင်ပွဲဝင်ရန် ပြေးခုန်ပစ်၊ ကရာတေး၊ ဂျူဒို၊ ရွက်လှေ အားကစားအဖွဲ့များ ထိုင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိသည့် ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဝင်ရောက်ရန် မြန်မာနိုင်ငံမှ ပြေးခုန်ပစ်၊ ကရာတေး၊ ဂျူဒို၊ ရွက်လှေ အားကစားအဖွဲ့များသည် ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ထွက်ခွာခဲ့ကြောင်း သိရသည်။



မြန်မာပြေးခုန်ပစ် အားကစားအဖွဲ့တွင် အုပ်ချုပ်သူနည်းပြနှင့် ကစားသမား၁၀ဦး၊ဂျူဒိုအားကစားအဖွဲ့တွင် အုပ်ချုပ်သူနည်းပြနှင့် ကစားသမား ၁၇ ဦး၊ ကရာတေး အားကစားအဖွဲ့တွင် အုပ်ချုပ်သူနည်းပြနှင့် ကစားသမား ၁၂ ဦး၊ ရွက်လှေ အားကစားအဖွဲ့တွင် အုပ်ချုပ်သူနည်းပြနှင့် ကစားသမား ၁၇ ဦးတို့ လိုက်ပါခဲ့ကြသည်။

ထိုင်းနိုင်ငံသို့ ထွက်ခွာခဲ့သည့် ပြေးခုန်ပစ်၊ ကရာတေး၊ ဂျူဒို၊ ရွက်လှေ အားကစားအဖွဲ့များကို သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ ပြေးခုန်ပစ်၊ ကရာတေး၊ ဂျူဒို အားကစားပြိုင်ပွဲများကို ဗန်ကောက်မြို့၊ ရွက်လှေ အားကစားပြိုင်ပွဲကို ချောင်ဘူရီမြို့တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာဂျူဒို အားကစားအဖွဲ့က ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် သုံးခု၊ ပြေးခုန်ပစ်အားကစားအဖွဲ့က ကြေးတံဆိပ် နှစ်ခု ဆွတ်ခူးနိုင်ခဲ့ကြကြောင်း သိရသည်။

**STA**

# Cathedral Invitational ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဆုကို အာဒမ်စကော့ ကာကွယ်နိုင်ခဲ့

**ဗစ်တိုးရီးယား ဒီဇင်ဘာ ၁၀**

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်တွင် ကျင်းပခဲ့သည့် Cathedral Invitational ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိ ချန်ပီယံ ဩစတြေးလျ ဂေါက်သီးရိုက် ကစားသမား အာဒမ်စကော့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း NT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဩစတြေးလျ ဂေါက်သီးရိုက် ကစားသမားများ ဖြစ်ကြသည့် Cathedral Invitational ကင်မရွန်းဂျွန်နှင့် ဒန်နီရယ်လ်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့ပြီး ဩစတြေးလျ နာမည်ကြီး ဂေါက်သီးရိုက်ကစားသမား မက်လိုက်ရှ်မန်းနှင့် ဘွန်ဟွန်ကဲတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲ ရပ်တည်နိုင်ခဲ့ကြကြောင်း သိရသည်။

ဂေါက်သီးရိုက်ပြိုင်ပွဲသည် အခြားပြိုင်ပွဲများနှင့် ကျင်းပပုံမတူဘဲ ၃၆ ကျင်းသာ ယှဉ်ပြိုင်ကစားရသကဲ့သို့ ပရော်ဖက်ရှင်နယ် အမျိုးသား ဂေါက်သီးရိုက်ကစားသမား၊ အမျိုးသမီးဂေါက်သီးရိုက်မယ်၊ အပျော်တမ်းအဆင့် ကစားသမားစုစုပေါင်း ၄၆ ဦးဖြင့် ကျင်းပပေးသည့် ပြိုင်ပွဲလည်းဖြစ်သည်။

ချန်ပီယံဆုကို ဆွတ်ခူးပြီးနောက် အာဒမ်စကော့က "ဂုဏ်ယူစရာ အောင်မြင်မှုဖြစ်သလို ချိုမြိန်တဲ့ အောင်ပွဲဖြစ်ပါတယ်။ လက်ရှိ ချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သလို ပျော်စရာကောင်းတဲ့ ပြိုင်ပွဲလဲဖြစ်ခဲ့ပါတယ်။ တခြားပြိုင်ပွဲတွေနဲ့ မတူဘဲ နှစ်ရက်တာကာလပဲ ယှဉ်ပြိုင်ရတဲ့အတွက် မပင်ပန်းပါဘူး။ ဒုတိယနေ့ရဲ့ နောက်ဆုံးကိုးကျင်းမှာ အကောင်းဆုံးလုပ်နိုင်ခဲ့တယ်။ ရလဒ်ကောင်းရဖို့အတွက် အခက်အခဲတွေကို ကျော်လွှားနိုင်ခဲ့ပြီးတော့ စွမ်းဆောင်ရည်ပိုင်းကလဲ လယ်ဗယ်တစ်ခုမှာ ရှိနေခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : NT**

**Trs : AZL**

# မေဂျာလိဂ်ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားဆုကို အင်တာမီယာမီ တိုက်စစ်မှူးမက်ဆီ ဆွတ်ခူး

**မီယာမီ ဒီဇင်ဘာ ၁၀**

ယခုနှစ်ဘောလုံးရာသီ မေဂျာလိဂ်ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားဆုကို အင်တာမီယာမီ အသင်း တိုက်စစ်မှူး မက်ဆီက ဆွတ်ခူးခဲ့ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



ယခုနှစ် ဘောလုံးရာသီတွင် အင်တာမီယာမီအသင်း မေဂျာလိဂ်ပြိုင်ပွဲ(အရှေ့ပိုင်းဇုန်)နှင့် မေဂျာလိဂ် ကွန်ဖရန့်လိဂ်ပြိုင်ပွဲတို့၌ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့ပြီး အသင်းနှင့်အတူ သွင်းဂိုးနှင့် ဂိုးဖန်တီးမှုများ ပြုလုပ်နိုင်ခဲ့ပြီးနောက် မေဂျာလိဂ်ပြိုင်ပွဲ၏ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အင်တာမီယာမီ အသင်းကို ၂၀၁၈ ခုနှစ်က စတင်တည်ထောင်ခဲ့သော်လည်း အသင်းပူးတွဲပိုင်ရှင် ဒေးဗစ်ဘက်ခမ်းက မက်ဆီအပါအဝင် ထိပ်တန်းကစားသမားများဖြစ်သည့် ဆွာရက်ဇ်၊ ဘက်စ်ကွက်၊ အယ်လ်ဘာတို့ကို အသင်းထဲ ခေါ်ယူခဲ့ပြီးနောက် ထိပ်တန်း အသင်းတစ်သင်းအဖြစ် အမြန်ဆုံး ရပ်တည်နိုင်ခဲ့ကာ ပြီးခဲ့သည့် ဘောလုံးရာသီက ရှုံးထွက်ဖလား ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သကဲ့သို့ ယခုနှစ် ဘောလုံးရာသီတွင်လည်း မေဂျာလိဂ်ပြိုင်ပွဲ(အရှေ့ပိုင်းဇုန်)နှင့် မေဂျာလိဂ်၊ ကွန်ဖရန့်လိဂ်ပြိုင်ပွဲတို့တွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် ယခုနှစ် ဘောလုံး ရာသီ မေဂျာလိဂ်ပြိုင်ပွဲတွင် အသင်းနှင့်အတူ ၄၉ ပွဲထိ ပါဝင် ကစားခဲ့ကာ သွင်းဂိုး ၄၃ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု ၂၅ ကြိမ် ပြုလုပ်ခဲ့ပြီးနောက် မေဂျာလိဂ် ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့ကာ ပြီးခဲ့သည့် ဘောလုံးရာသီကလည်း တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကိုရခဲ့သည့် မေဂျာလိဂ် ပြိုင်ပွဲတွင် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုအတွက် နှစ်နှစ်ဆက် ဆွတ်ခူးနိုင်သည့် ပထမဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

**Ref : The Athletic**

**Trs : STA**

# တရုတ်နိုင်ငံတစ်ဝန်း အအေးလှိုင်းတိုက်ခတ်နေသဖြင့် သတိပေးချက်ထုတ်ပြန်ထား



ပေကျင်း ဒီဇင်ဘာ ၁၀

တရုတ်နိုင်ငံတစ်ဝန်း အအေးလှိုင်းတိုက်ခတ်နေသဖြင့် အမျိုးသားမိုးလေဝသဌာန(NMC) က ယနေ့တွင်သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ယနေ့မှစ၍ ဒီဇင်ဘာ ၁၃ ရက်ထိ တရုတ်နိုင်ငံတစ်ဝန်း အအေးလှိုင်း ဖြတ်သန်းနေသဖြင့် အမျိုးသားမိုးလေဝသဌာန (NMC) က သတိပေးချက်ထုတ်ပြန်ထားကြောင်း၊ အအေးလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်ကျဆင်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် နှင်းကျခြင်းတို့ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

အအေးလှိုင်း ဖြတ်သန်းစဉ် နိုင်ငံ၏ အနောက်မြောက်ပိုင်း ဒေသများတွင် အပူချိန်သည် အတော်လေးကျကာ ရေခဲမှတ်ထိ ကျဆင်းနိုင်ကြောင်း၊ ထို့ပြင် နိုင်ငံအနောက်မြောက်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့မြောက်ပိုင်းတို့တွင် နှင်းများကျရောက်နိုင်ပြီး မြစ်ဝါမြစ်နှင့် ယန်စီမြစ်တို့တွင်လည်း အအေးလှိုင်းကြောင်း မြစ်ရေများ ရေခဲသည်ထိ ဖြစ်နိုင်ကြောင်း၊ မွန်ဂိုလီးယား ဒေသတချို့နှင့် မြောက်ပိုင်း တရုတ်ဒေသအများစုတွင် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်လာနိုင်ဖွယ် ရှိကြောင်း NMC က ထုတ်ပြန်ခဲ့သည်။

မိုးရွာသွန်းမှုနှင့် နှင်းကျမှုများကြောင့် ခရီးသွားလာရေး ဘေးကင်းရေးကို အာရုံစိုက်ကြရန်၊ မြင်ကွင်းဝေဝါးကာ လမ်းများချော်နိုင်သဖြင့် သတိပြုမောင်းနှင်ကြရန်နှင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်နိုင်သဖြင့် အာရုံစိုက်၍မောင်းနှင်ကြရန် မိုးလေဝသပညာရှင်များက ပြည်သူများကို သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ၂၀၂၅ ခုနှစ်သည် ကမ္ဘာ့အပူချိန် ဒုတိယမြောက် သို့မဟုတ် တတိယမြောက် အမြင့်ဆုံးနှစ် ဖြစ်လာနိုင်ကြောင်း သုတေသီများကထုတ်ပြန်

ဘာလင် ဒီဇင်ဘာ ၁၀

ဂျာမနီနိုင်ငံ ဘွန်းမြို့တွင် ခြေစိုက်သည့် Copernicus Climate Change Service (C3S) အဖွဲ့အစည်းမှ သုတေသီများက ၂၀၂၅ ခုနှစ်အတွင်း အပူချိန်မြင့်တက်မှုနှင့်ပတ်သက်ပြီး မှတ်တမ်းတင်ထားရှိခဲ့ပြီးနောက် အပူချိန်ပမာဏသည် သက်တမ်းတစ်လျှောက် ဒုတိယမြောက် သို့မဟုတ် တတိယမြောက် အပူချိန်အမြင့်ဆုံး နှစ်တစ်နှစ်ဖြစ်လာနိုင်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူချိန်မြင့်တက်မှုများဖြစ်ပေါ်ခဲ့ရခြင်းမှာ ရာသီဥတုဖောက်ပြန်မှုကြောင့်ဖြစ်ပြီး ရာသီဥတုဖောက်ပြန်မှုကို ထိန်းချုပ်နိုင်မှသာ အပူချိန်မြင့်တက်မှုပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်သည်ဟုလည်း Copernicus Climate Change Service (C3S) အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"၂၀၂၅ ခုနှစ်အတွင်း အပူချိန်မြင့်တက်မှုနှုန်းက မြင့်မားခဲ့ပါတယ်။ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ မြင့်တက်ခဲ့ခြင်းဖြစ်ပါတယ်။ ၁၈၅၀ ပြည့်နှစ်ကနေ ၁၉၀၀ ပြည့်နှစ်ကြားမှာ ဖြစ်ပေါ်ခဲ့သော အပူချိန်ပမာဏထက် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပါတယ်။ စစ်တမ်းတွေအရ ၂၀၂၅ ခုနှစ်ဟာ သက်တမ်းတစ်လျှောက် ဒုတိယမြောက် ဒါမှမဟုတ် တတိယမြောက် အပူချိန် အမြင့်ဆုံးမြင့်တက်ခဲ့တဲ့ နှစ်တစ်နှစ်အဖြစ် မှတ်တမ်းဝင်သွားနိုင်ပါတယ်။ အတိအကျကိုတော့ နှစ်ကုန်ပိုင်းလောက်မှ တရားဝင် သတ်မှတ်နိုင်မှာလဲ ဖြစ်ပါတယ်"ဟု Copernicus Climate Change Service (C3S) အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ သုတေသီတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# အီရတ်နိုင်ငံမြောက်ပိုင်း ဆူလိုင်မာနီယာဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူနှစ်ဦးထက်မနည်းသေဆုံးကာ ငါးဦးထိခိုက်ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၀

အီရတ်နိုင်ငံ မြောက်ဘက်ပိုင်း ကာဒစ်ရှ်နယ်မြေရှိ ဆူလိုင်မာနီယာဒေသတွင် ဒီဇင်ဘာ ၉ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူနှစ်ဦးထက်မနည်းသေဆုံးကာ ငါးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း Civil Defense Directorate က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။



ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူ နှစ်ဦးအနက် တစ်ဦးမှာ အသက် ၇၀ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ပြီး ကျန်တစ်ဦးမှာ အသက် ၂၄ နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်ကြောင်း၊ ရေလွှမ်းနေသည့် ဧရိယာအတွင်း နေထိုင်သူများကိုလည်း ဘေးလွတ်ရာရွှေ့ပြောင်းရန်ညွှန်ကြားထားကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူ ငါးဦးကိုလည်း ဆေးကုသမှုများပြုလုပ်ပေးနေကြောင်း Civil Defense Directorate က ထုတ်ပြန်ခဲ့သည်။

"ကာဒစ်ရှ်နယ်မြေ ဆူလိုင်မာနီဒေသမှာ ဒီဇင်ဘာ ၉ ရက်က ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ပါတယ်။ ရေလွှမ်းနေတဲ့ ဧရိယာအတွင်းမှာ နေထိုင်တဲ့ ဒေသခံပြည်သူတွေကိုလဲ ဘေးလွတ်ရာရွှေ့ပြောင်းပေးနေပါတယ်။ ယာယီကယ်ဆယ်ရေးစခန်းတွေ ဖွင့်လှစ်ပေးထားပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့ ပြည်သူတွေကို နေရာချပေးထားပါတယ်။ လမ်းတချို့ကိုလဲ ယာယီပိတ်ထားပါတယ်။ ပိတ်ထားတဲ့လမ်းတွေကို ဖြတ်သန်းမောင်းနှင်ခြင်း မပြုဖို့အတွက်လဲ သတိပေးချက်တွေထုတ်ပြန်ထားပါတယ်"ဟု Civil Defense Directorate မှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ဆာကွက်ကာရက်ဂ်ရက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ရုရှားနိုင်ငံက မုန်တိုင်းဒဏ်ခံခဲ့ရသော သီရိလင်္ကာနိုင်ငံအတွက် ကုန်အလေးချိန် ၃၅ တန်ရှိ ပံ့ပိုးပစ္စည်းများပေးပို့

မော်စကို ဒီဇင်ဘာ ၁၀

ရုရှားနိုင်ငံက မုန်တိုင်းဒဏ်ခံခဲ့ရသော သီရိလင်္ကာနိုင်ငံအတွက် လူသားချင်းစာနာ ထောက်ထားမှုအဖြစ် ကုန်အလေးချိန် ၃၅ တန်ရှိ ပံ့ပိုးပစ္စည်းများ ပေးပို့ခဲ့ကြောင်း ရုရှားနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး Shobini Gunasekera က ယနေ့တွင် ပြောကြားခဲ့သည်။

နိုဝင်ဘာလကုန်ပိုင်းကတိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း ဒစ်ဝါကြောင့် သီရိလင်္ကာနိုင်ငံတွင် လူ ၆၃၅ ဦး သေဆုံးခဲ့ပြီး နိုင်ငံ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့် မုန်တိုင်းဒဏ်ကို ခံစားခဲ့ကြရကြောင်း၊ မုန်တိုင်းသည် နိုင်ငံ၏ အရေးကြီးသော အခြေခံအဆောက်အအုံများ၊ လူနေအိမ်များ၊ လမ်းတံတားများစွာကို ဖျက်ဆီးပစ်ခဲ့ကြောင်း၊ လယ်ယာစိုက်ခင်းများ အထူးသဖြင့် ဆန်နှင့် လက်ဖက်စိုက်ခင်းများစွာ ပျက်စီးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် သီရိလင်္ကာနိုင်ငံတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပါက ကုန်ကျစရိတ်သည် အနည်းဆုံး အမေရိကန်ဒေါ်လာ ခုနစ် ဘီလီယံ ကုန်ကျမည်ဖြစ်ကြောင်း ဒေသခံတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

မုန်တိုင်းဒဏ်ခံခဲ့ရသော သီရိလင်္ကာနိုင်ငံအတွက် ရုရှားနိုင်ငံသည် ကုန်အလေးချိန်အားဖြင့် ၃၅ တန်ရှိသည့် လူသားချင်းစာနာထောက်ထားမှုအကူအညီများကို လေယာဉ်ဖြင့် ပေးပို့ခဲ့ပြီး အဆိုပါလေယာဉ်သည် ယနေ့တွင် သီရိလင်္ကာနိုင်ငံသို့ ဆိုက်ရောက်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး Shobini Gunasekera က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : KZ

# ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကြား ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေး သဘောတူညီချက်ရရှိ

ပဲရစ် ဒီဇင်ဘာ ၁၀

ပြင်သစ်နိုင်ငံတွင် အခြေစိုက်သည့် ဥရောပသမဂ္ဂပါလီမန်က ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများကြား ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးအတွက် သဘောတူညီချက်ရရှိခဲ့ပြီဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဥရောပသမဂ္ဂပါလီမန်သို့ တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများကြား ဒီဇင်ဘာ ၉ ရက်တွင် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးနှင့် ပတ်သက်ပြီး ၁၉၉၀ ပြည့်နှစ်က ထုတ်လွှတ်ခဲ့သော ပမာဏ၏ ၉၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်အောင် ဆောင်ရွက်သွားရန် သဘောတူညီချက်ရရှိခဲ့ကြောင်း၊ အဆိုပါ သဘောတူညီချက်ကို ၂၀၄၀ ပြည့်နှစ်အရောက်တွင် အောင်မြင်အောင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ သဘောတူညီချက်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများကြား ချမှတ်ထားသောစည်းမျဉ်းများကို တိကျစွာလိုက်နာဆောင်ရွက်သွားရေးမှာ အဓိကကျကြောင်း ပါလီမန်က ထုတ်ပြန်ခဲ့သည်။

"ပါလီမန်မှာ အဖွဲ့ဝင်နိုင်ငံတွေကြားရရှိခဲ့တဲ့ သဘောတူညီချက်ဟာ အဖွဲ့ဝင်နိုင်ငံတွေကြား ယှဉ်ပြိုင်နိုင်စွမ်းရည်၊ လွတ်လပ်မှုနဲ့ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးတွေကို လက်တွဲညီညီ ဆောင်ရွက်သွားတော့မဲ့အကြောင်းကို ကမ္ဘာကသိအောင်ချပြတော့မှာဖြစ်တဲ့အကြောင်း သက်သေပြနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ခိုင်မာတဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာဥပဒေတွေကိုလဲ ပြဋ္ဌာန်းသွားတော့မှာဖြစ်ပါတယ်။ အရေးကြီးတာကတော့ အဖွဲ့ဝင်နိုင်ငံတွေ အနေနဲ့ချမှတ်ထားတဲ့ ဥပဒေတွေကို လေးစားစွာလိုက်နာသွားဖို့ပါပဲ"ဟု ဥရောပသမဂ္ဂပါလီမန် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကော်မရှင်မှ ပြောရေးဆိုခွင့်ရှိသူ ဟုက်စထရာက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# လူသားအားလုံး လူ့အခွင့်အရေးအပြည့်အဝရရှိစေလို

မောင်သောင်းဝင်း(တမန်ဟောင်း)

**လူ့အခွင့်အရေးဆိုသည်မှာ**

လူသားအားလုံးသည် သာတူညီမျှတစ်ပြေးညီ လွတ်လပ်စွာမွေးဖွားလာကြပြီး သာတူညီမျှရှိမှု၊ လွတ်လပ်မှု၊ ငြိမ်းချမ်းမှု၊ မျှော်လင့်ချက်ထားနိုင်မှု၊ ဂုဏ်သိက္ခာရှိမှု၊ တရားဥပဒေစိုးမိုးမှု၊ သာယာဝပြောမှုနှင့် တရားမျှတမှုဆိုသော အခွင့်အလမ်းများကို အပြည့်အဝခံစားခွင့်ရှိသည်ဆိုသော အချက်တို့ကို အခြေခံ၍ လူ့အခွင့်အရေးဟူသည့်အဓိပ္ပာယ်ဖွင့်ဆိုနိုင်မည်ဖြစ်သည်။ လူမျိုး၊ အသားအရောင်၊ ကိုးကွယ်သည့် ဘာသာ၊ လိင်၊ ဘာသာစကား၊ နိုင်ငံရေးနှင့် အမျိုးသားရေးခံယူချက်၊ လူမှုရေးနောက်ခံ၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ မွေးဖွားမှု၊ သို့မဟုတ် အခြားသော အဆင့်အတန်းများ မည်သို့ပင်ရှိနေစေကာမူ လူတိုင်းသည် လူ့အခွင့်အရေး အပြည့်အဝခံစားခွင့်ရှိသည်။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း(Universal Declaration of Human Rights, UDHR)ကို ၁၉၄၆ ခုနှစ်တွင် စတင်ရေးဆွဲခဲ့ကြပြီး ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်၌ ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက ထိုကြေညာစာတမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။ ထိုနေ့ကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် ဒီဇင်ဘာ ၁၀ ရက်ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ဟုသတ်မှတ်ခဲ့ပြီး ကမ္ဘာတစ်ဝန်းလုံးတွင် ကျင်းပလျက်ရှိရာ ယခု ၂၀၂၅ ခုနှစ်တွင် ၇၇ နှစ်မြောက် အခါသမယကို ရောက်ရှိလာပြီဖြစ်သည်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ထားသော ဆောင်ပုဒ်မှာ **"Our Everyday Essentials"** ဟူ၍ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ဆောင်ပုဒ်သည် လူသားတိုင်း ဂုဏ်သိက္ခာနှင့် လုံခြုံမှုရှိသောဘဝတစ်ခုအတွက် အခြေခံလိုအပ်ချက်များဖြစ်သောပျော်ရွှင်မှု၊ လုံခြုံရေးနှင့် အခွင့်အလမ်းတို့အတွက် အခြေအနေကောင်းများကို ဖန်တီးပေးရန်နှင့် ထိုသို့ဖန်တီးပေးနိုင်ရန်အတွက် ပညာပေးလှုံ့ဆော်ရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်သည်။

**အခွင့်အရေးနှင့်တာဝန်**

လူ့အခွင့်အရေးသည် ရပိုင်ခွင့်နှင့်တာဝန်နှစ်မျိုးစလုံးအကျုံးဝင်နေသည်။ နိုင်ငံတိုင်းသည် လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားရန်၊ ကာကွယ်ရန်နှင့် ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတကာဥပဒေများအတိုင်း လိုက်နာစောင့်ထိန်းရန်တာဝန်များရှိပေသည်။ ထို့ပြင် နိုင်ငံတိုင်းသည် လူ့အခွင့်အရေးထိခိုက်အောင် ဝင်ရောက်စွက်ဖက်သည့်လုပ်ရပ်များကိုလည်း ရှောင်ကြဉ်သွားရမည်ဖြစ်သည်။ လူ့အခွင့်အရေးချိုးဖောက်သူများကို တားဆီးသွားရန်တာဝန်ရှိသည့်အပြင် အခြေခံလူ့အခွင့်အရေး အပြည့်အဝရရှိရေးအတွက် အဆင်ပြေချောမွေ့အောင်ဆောင်ရွက်ပေးရန်လည်းတာဝန်ရှိနေသည်။ လူတစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် မိမိအခွင့်အရေးကို တန်ဖိုးထားသလိုအခြားသူ၏ လူ့အခွင့်အရေးကိုလည်း လေးစားတန်ဖိုးထားရန်အထူးလိုအပ်သည်။

**လူ့အခွင့်အရေးဆုံးရှုံးနေသောနိုင်ငံများ**

ကမ္ဘာ့နိုင်ငံများအနက် တချို့သောနိုင်ငံများတွင် နိုင်ငံသားများသည် လူ့အခွင့်အရေးဆုံးရှုံးမှုများရှိနေသည်။ ထိုနိုင်ငံများအနက် လူ့အခွင့်အရေးချိုးဖောက်မှုအများဆုံးနိုင်ငံများမှာ အာဏာရှင်အုပ်ချုပ်သောနိုင်ငံများ၊ အဂတိလိုက်စားမှုမြင့်မားသော နိုင်ငံများ၊ ပြည်တွင်းစစ်ဖြစ်ပွားနေသောနိုင်ငံများနှင့် ဆင်းရဲတွင်းနက်နေသောနိုင်ငံများဖြစ်သည်။ အဆိုပါနိုင်ငံများတွင် ပြည်သူများ၊ အလုပ်သမားများနှင့် များစွာသောအရေးအရာများတွင် တရားဥပဒေကြောင်းအရ အကာအကွယ်ပေးရန်ပျက်ကွက်ခြင်း၊ နိုင်ငံသားများနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများအပေါ် တရားစီရင်ရေးအာဏာပိုင်များ၏ဖိနှိပ်မှုများသည် လူ့အခွင့်အရေးဆုံးရှုံးရသည့် အကြောင်းတရားများဖြစ်သည်။ ထိုနိုင်ငံရှိ ပြည်သူများသည် ဆင်းရဲတွင်းနက်ကြသည်။ လူတိုင်းရသင့်သည့် လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားခွင့်၊ သွားလာခွင့်၊ စည်းရုံးခွင့်များဆုံးရှုံးနေကြရသည်။ ဝမ်းနည်းဖွယ်ရာပင်ဖြစ်သည်။

**❖ မြန်မာနိုင်ငံတွင် နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရသင့်ရထိုက်သော လူ့အခွင့်အရေးကို ရရှိနေကြပြီဖြစ်သည်။ ဆိုလိုသည်မှာ လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်၊ ရွေးချယ်ခွင့်၊ ရေးသားပြောဆိုခွင့်၊ ပညာသင်ယူခွင့်၊ သွားလာခွင့်၊ စီးပွားရေးလုပ်ကိုင်ခွင့်ဆိုသည့် အခြေခံကျသော လူ့အခွင့်အရေးများ အပြည့်အဝရရှိနေပြီဖြစ်သည်။ သို့သော် ထိုအခွင့်အရေးမဆုံးရှုံးစေရန်အတွက် နိုင်ငံသားတိုင်းသည် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်လိုအပ်သည်။ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ တရားဝင်ပေးအပ်ထားသည့် အခွင့်အရေးထက် ပိုမယူမိဖို့လည်း အထူးလိုအပ်သည်။ ❖**

**လူ့အခွင့်အရေးအပြည့်အဝရရှိသောနိုင်ငံများ**

လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့၏ ထုတ်ပြန်ချက်အရ လူ့အခွင့်အရေးကို အပြည့်အဝကာကွယ်ပေးထားသောနိုင်ငံများမှာ ဒိန်းမတ်၊ ဆွီဒင်၊ နော်ဝေ၊ နယ်သာလန်၊ ကနေဒါ၊ သြစတြေးလျ၊ ဆွစ်ဇာလန်၊ နယူးဇီလန်၊ ဖင်လန်၊ သြစတြီးယားနိုင်ငံတို့ဖြစ်ကြသည်။ ထိုနိုင်ငံများတွင် ပြည်သူများသည် ဘဝကို အေးချမ်းစွာ ဖြတ်သန်းနိုင်ကြသည်။ အထူးသဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ထုတ်ပြန်ထားသည့် လူ့အခွင့်အရေးကြေညာစာတမ်းပါ အခြေခံလူ့အခွင့်အရေးများကိုအပြည့်အဝရရှိနေကြသဖြင့် နေ့စဉ်ဘဝကိုအဓိပ္ပာယ်ရှိစွာဖြတ်သန်းနိုင်ကြသည်။ ထိုနိုင်ငံရှိ ပြည်သူများအတွက် များစွာမုဒိတာပွားမိသည်။

**မြန်မာနိုင်ငံနှင့်လူ့အခွင့်အရေး**

မြန်မာနိုင်ငံတွင် နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရသင့်ရထိုက်သောလူ့အခွင့်အရေးကို ရရှိနေကြပြီဖြစ်သည်။ ဆိုလိုသည်မှာ လွတ်လပ်စွာသဘောထားကွဲလွဲခွင့်၊ ရွေးချယ်ခွင့်၊ ရေးသားပြောဆိုခွင့်၊ ပညာသင်ယူခွင့်၊ သွားလာခွင့်၊ စီးပွားရေးလုပ်ကိုင်ခွင့်ဆိုသည့် အခြေခံကျသော လူ့အခွင့်အရေးများ အပြည့်အဝရရှိနေပြီဖြစ်သည်။ သို့သော် ထိုအခွင့်အရေးမဆုံးရှုံးစေရန်အတွက် နိုင်ငံသားတိုင်းသည် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်လိုအပ်သည်။ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ တရားဝင်ပေးအပ်ထားသည့် အခွင့်အရေးထက် ပိုမယူမိဖို့လည်း အထူးလိုအပ်သည်။

အထူးသဖြင့် မြန်မာအမျိုးသမီးများသည် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်နယ်ပေါင်းစုံတွင် ရရှိသင့်၊ ရရှိထိုက်သည့် အခွင့်အလမ်းမှန်သမျှကို အမျိုးသားများကဲ့သို့ သာတူညီမျှခံစားခွင့်ရရှိနေကြသည်။ မြန်မာအမျိုးသမီးများသည် သက်ရှင်နေထိုင်စဉ်ကာလအတွင်း ကြောက်လန့်စိုးရိမ်မှုမှကင်းဝေးပြီး လုံခြုံစိတ်ချစွာဖြင့် ဂုဏ်သိက္ခာရှိရှိနေထိုင်နိုင်ကြသည်။ မြန်မာအမျိုးသမီးများသည် လွတ်လပ်စွာကိုးကွယ်ခွင့်၊ ပညာသင်ကြားခွင့်၊ သွားလာခွင့်နှင့် မိမိချစ်ခင်စုံမက်သူကို ရွေးချယ်လက်ထပ်ခွင့်များရှိကြသည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**

မြန်မာနိုင်ငံအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် ကုလသမဂ္ဂက ထုတ်ပြန်ထားသော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကိုအသိအမှတ်ပြု၍ လူ့အခွင့်အရေးကို လေးစားကာကွယ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်လာစေရန်ရည်ရွယ်လျက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကိုပြဋ္ဌာန်းပြီးနောက် အဆိုပါဥပဒေနှင့်အညီ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ကိုဖွဲ့စည်းထားရှိသည်။

ကော်မရှင်အနေဖြင့် ကော်မရှင်ဥပဒေပါ တာဝန်နှင့် ဝတ္တရားများအတိုင်း လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ခြင်းများဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် လူ့အခွင့်အရေးဖောက်ဖျက်မှုများ စုံစမ်းစစ်ဆေးခြင်းနှင့် တိုင်တန်းချက်များ လက်ခံဆောင်ရွက်ခြင်းတို့အပြင် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး စခန်းများသို့ ကြည့်ရှုစစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး တွေ့ရှိချက်များအပေါ်အခြေခံ၍အကြံပြုချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့လျက်ရှိသည်။

**လူ့အခွင့်အရေးဆိတ်သုဉ်းခဲ့**

သို့သော် ကိုလိုနီဘဝကျရောက်စဉ်က မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးဆိတ်သုဉ်းခဲ့ရသည်။ နယ်ချဲ့တို့ လက်အောက်တွင် လွတ်လပ်စွာပညာသင်ယူခွင့်၊ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားခွင့်၊ သွားလာလုပ်ကိုင်ခွင့်များဆုံးရှုံးခဲ့ရသည်။ နယ်ချဲ့တို့အလိုကျနေထိုင်ခဲ့ရသည်။ ထို့ကြောင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် နိုင်ငံတိုင်းအတွက် များစွာအရေးပါလျက်ရှိသည်။ တိုင်းတစ်ပါးအမိုးအခိုကင်းသည့် နိုင်ငံသားများသာလျှင် လွတ်လပ်စွာပြောဆိုရေးသားလုပ်ကိုင်ခွင့်ရှိမည်ဖြစ်သည်။

**လူ့အခွင့်အရေးဆုံးရှုံးရသောအကြောင်းတရားများ**

ဆိုရလျှင် ပြည်တွင်းပဋိပက္ခများ၊ နိုင်ငံရေးမတည်ငြိမ်မှုများ၊ အာဏာရှင်စနစ်ကြီးစိုးနေမှုများသည်လူ့အခွင့်အရေးဆုံးရှုံးရသည့် အခြေခံအကြောင်းတရားများပင်ဖြစ်သည်။ အထူးသဖြင့် အာဏာရှင်အုပ်ချုပ်သောနိုင်ငံများ၊ ဆင်းရဲတွင်းနက်နေသောနိုင်ငံများတွင်ပြည်သူများသည် လူ့အခွင့်အရေးဆုံးရှုံးနေကြရသည်။ သာဓကအနေဖြင့် အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကဒေသရှိနိုင်ငံတချို့သည် ပဋိပက္ခများဖြစ်ပွားကာ ကလေးငယ်များ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများသည် အခြေခံလူ့အခွင့်အရေးများ ဆုံးရှုံးလျက်ရှိကြသည်။ စိတ်မကောင်းဖွယ်ရာပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း တချို့သောဒေသများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း တချို့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများသည် လူ့အခွင့်အရေးချိုးဖောက်ခံရလျက်ရှိသည်။ ထို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို ဆက်လက်စွဲကိုင်ထားမည်ဆိုလျှင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့နှင့် အလှမ်းကွာဝေးနေမည်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ လူသားတိုင်းသည် လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများကို အပြည့်အဝရရှိသင့်ပေသည်။ မြန်မာပြည်သူအားလုံးကိုလည်း နိုင်ငံသားတိုင်းရရှိသင့်သည့် အခွင့်အရေးများ အပြည့်အဝရရှိစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ အတိအလင်းပြဋ္ဌာန်းထားရှိသည်။ အထူးသဖြင့် လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားခွင့်၊ ရွေးချယ်ခွင့်၊ ယှဉ်ပြိုင်ခွင့်၊ လုပ်ကိုင်ခွင့်များရှိနေသည်။ ထို့ကြောင့် လူသားတိုင်းမွေးရာပါလူ့အခွင့်အရေးကို အပြည့်အဝရရှိနိုင်ရန် ဆန္ဒပြုရင်း ၇၇ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ကို ဂုဏ်ပြုရေးသားအပ်ပါသည်။

**ကိုးကား**

- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ၇၄ နှစ် တိုင်ခဲ့ပြီ၊ ဒေါက်တာခိုင်ခိုင်ဝင်း။
- https://www.un.org/en/observances/human-rights-day

**မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ**

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ပန်းမြိုင်လယ်မှဥယျာဉ်မှူး ရုပ်ရှင်ဇာတ်ကား Premiere Show ပြုလုပ်



**ရန်ကုန် ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည့် ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး ရုပ်ရှင်ဇာတ်ကား Premiere Show ကို ဒီဇင်ဘာ ၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် သမ္မတ အဆင့်မြင့်ရုပ်ရှင်ရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း ဒါရိုက်တာ ဝင်းလွင်ထက်က ပြောပြ၍ သိရသည်။

ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာကြီးစည်သူ လယ်တွင်းသားစောချစ်၏ ပန်းမြိုင်လယ်က ဥယျာဉ်မှူးဝတ္ထုကို သက်ဦးမောင်က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ဝင်းလွင်ထက်က Hein Film Production အတွက် တာဝန်ယူရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားကို ရိုက်ကူးခဲ့ချိန်ကလဲ တော်တော်တာဝန်ကြီးတယ်။ ဆရာကြီး လယ်တွင်းသားစောချစ်ရဲ့ဝတ္ထုဖြစ်တဲ့အပြင် အရမ်းအောင်မြင်ပြီး အမျိုးသားစာပေဆု၊ စာပေဗိမာန်ဆုတွေအပြင် နိုင်ငံခြားမှာလဲ ဆုတွေရထားတဲ့ ဒီလိုဝတ္ထုကောင်းကို ပုံဖော်အသက်သွင်းရမယ်ဆိုတော့ အရမ်း Risk လဲများတယ်။ ဒီဇာတ်ကားမှာတော့ ဆရာကြီးရဲ့ ပန်းမြိုင်လယ်က ဥယျာဉ်မှူးဆိုတဲ့ဝတ္ထုကို ကျောရိုးယူရိုက်ထားပြီးတော့ ဆရာကြီးရဲ့ Life Style အတ္ထုပ္ပတ္တိလဲ ထည့်သွင်းထားတာ ဖြစ်ပါတယ်"ဟု ဒါရိုက်တာ ဝင်းလွင်ထက်က ပြောပြသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားသည် ၁၉၈၉ ခုနှစ်က ဒါရိုက်တာ မောင်တင်ဦး ရိုက်ကူးပြီး သရုပ်ဆောင် ကျော်ဟိန်း၊ နေအောင်၊ သိင်္ဂီထွန်းတို့ ပါဝင်သရုပ်ဆောင်ထားသည့် ပန်းမြိုင်လယ်က ဥယျာဉ်မှူးရုပ်ရှင်ဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးထားခြင်းမဟုတ်ဘဲ ၂၀၁၇ ခုနှစ်အတွက် အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုကို ရရှိထားသည့် ဒါရိုက်တာ ဇော်မြင့်ဦး ရိုက်ကူးကာ သရုပ်ဆောင် ကျော်ထက်အောင်၊ ကျော်ကျော်၊ အေးမြတ်သူ၊ နန်းမြတ်ဖြိုးသင်းတို့ ပါဝင်သည့် နေခြည်မှာ ရွှေရည်လောင်း ရုပ်ရှင်ဇာတ်ကားကို ပြန်လည်ဆန်းသစ် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ နက္ခတ်၊ ဘုန်းရှိန်ခန့်၊ အောင်ပိုင်၊ ဇော်မှိုင်း၊ ညီရော်၊ စိုးပြည့်သဇင်၊ မေမြင့်မိုရ်၊ နှင်းယု၊ လွန်းခြယ်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Five Nights at Freddy's 2 ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာ ၁၀၉ ဒသမ ၁ သန်းထိရရှိ

**နယူးယောက် ဒီဇင်ဘာ ၁၀**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Five Nights at Freddy's 2 ဇာတ်ကား၏ ရုံတင်ပြီးပထမသီတင်းပတ်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၀၉ ဒသမ ၁ သန်းထိရရှိထားကြောင်း ဒီဇင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

ယူနီဗာဆယ်ကုမ္ပဏီသည် Five Nights at Freddy's 2 ဇာတ်ကားကို ဒီဇင်ဘာ ၅ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ယူနီဗာဆယ်သည် အဆိုပါဇာတ်ကားကို အမေရိကပြည်တွင်းရုပ်ရှင် ရုံပေါင်း ၃၄၁၂ ၌ ပြသလျက်ရှိသည်။

အလားတူ Five Nights at Freddy's 2 ဇာတ်ကားသည် နိုင်ငံတကာဈေးကွက် ၇၆ ခုမှလည်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၁ သန်းထိရရှိထားရာ ၎င်းဇာတ်ကား၏ စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ချိန် ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၀၉ ဒသမ ၁ သန်းထိရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂျေဆင်ဘလင်းက တာဝန်ယူရိုက်ကူးပေးထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသား စကီအာရစ်၊ ဂျိုဟက်ချာဆန်၊ မင်းသမီး မက္ကင်နာဂရေ့၊ အဲလစ်ဇဘတ်လိုင်းတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**




# တေးသံရှင် ဆုန်သင်းပါရ် တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon _ THOR ၌ ပြုလုပ်သွားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

တေးသံရှင် ဆုန်သင်းပါရ် တစ်ကိုယ်တော် တေးဂီဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon _ THOR ၌ ဒီဇင်ဘာ ၁၆ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဆုန်သင်းပါရ်က ပြောပြ၍ သိရသည်။

တေးသံရှင် ဆုန်သင်းပါရ် တစ်ကိုယ်တော် တေးဂီဖျော်ဖြေပွဲတွင် တေးသံရှင် ဆုန်သင်းပါရ်၏ သီဆိုဖျော်ဖြေမှုများကို MERCURY IX Band တေးဂီတအဖွဲ့ကလည်း အကောင်းဆုံး ပံ့ပိုးကူညီတီးခတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇင်ဘာ ၁၆ ရက်မှာ MERCURY IX Band နဲ့အတူ THOR မှာ ရှိပါမယ်။ တစ်နေ့တာရဲ့စိတ်ဖိစီးမှုတွေအားလုံးကို လျှော့ချရင်း စိတ်ခံစားချက်တွေကို အကောင်းဆုံးဖြစ်စေမဲ့ ဖျော်ဖြေတင်ဆက်မှုကိုခံစားနားဆင်နိုင်မဲ့ Music Event လေးရှိနေပါတယ်။ အရောက်လှမ်းခဲ့ဖို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် ဆုန်သင်းပါရ် က ပြောပြသည်။




တေးသံရှင် ဆုန်သင်းပါရ် တစ်ကိုယ်တော် တေးဂီဖျော်ဖြေပွဲကို The Heart of Rangoon _ THOR ၌ ဒီဇင်ဘာ ၁၆ ရက် ည ၆ နာရီ မိနစ် ၃၀တွင် စတင်ဖျော်ဖြေမည်ဖြစ်ကြောင်း တေးသံရှင် ဆုန်သင်းပါရ်က ပြောပြ၍ သိရသည်။

ASH

# ဒစ္စနီးကုမ္ပဏီ၏ Zootopia-2 ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေကန်ဒေါ်လာ ၉၁၅ သန်းရရှိထား

**နယူးယောက် ဒီဇင်ဘာ ၁၀**

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ Zootopia–2 ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၉၁၅ သန်းထိရှိလာပြီဖြစ်ကြောင်း ဒီဇင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

ဒစ္စနီးကုမ္ပဏီသည် Zootopia–2 ကွန်ပျူတာအင်နီမေးရှင်း ဇာတ်ကားကို နိုဝင်ဘာ ၂၆ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းသည်။

လက်ရှိဝင်ငွေအနေအထားအရ Zootopia–2 ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံထိရှိလာနိုင်ကြောင်း သိရသည်။

ယခုနှစ်ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံထိရရှိထားသည့် ဇာတ်ကားမှာ ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ Lilo and Stitch ကွန်ပျူတာအင်နီမေးရှင်း ဇာတ်ကားတစ်ကားတည်းသာရှိသေးသည်။

Zootopia–2 ဇာတ်ကားသည် တရုတ် ရုပ်ရှင်ဈေးကွက်တွင်လည်း အထူးအောင်မြင်ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ သန်း ၄၃၀ ထိရရှိလာခဲ့ပြီး အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂျရတ်ဘုရှ်နှင့် ဘိုင်ရွန်ဟိုးဝပ်တို့က ရိုက်ကူးပေးထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**




# သုံးလွန်းတင်ပျို့ ဇာတ်လမ်းတွဲ Press Show ပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

Mahar Application နှင့် Mahar Channel တို့မှ Original Series မူပိုင်ဇာတ်လမ်းတွဲအဖြစ် ဒီဇင်ဘာ ၅ ရက်မှစတင်ကာ ထုတ်လွှင့် တင်ဆက်နေသည့် သုံးလွန်းတင်ပျို့ ဇာတ်လမ်းတွဲ Press Show ကို ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ Sedona Hotel ၌ ဒီဇင်ဘာ ၉ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါဇာတ်လမ်းတွဲကို တာဝန်ယူရိုက်ကူးပုံဖော်ထားသူ ဒါရိုက်တာ ကြည်ဖြူသျှင်က ပြောပြ၍ သိရသည်။

သုံးလွန်းတင်ပျို့ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို သျှင်မရေးဖွဲ့ထားပြီး ညမွှေးပန်းနှင့် ငွေစင်သွန်းတို့က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ကြည်ဖြူသျှင်က တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်းသိရသည်။

"အစ်မ ဇာတ်ကားတွေမရိုက်တာ သုံးနှစ်ကျော်သွားပြီ။ ဒီဇာတ်လမ်းတွဲက ပထမဆုံးပြန်ရိုက်တဲ့ ဇာတ်လမ်းတွဲလေးပါ။ ကိုယ့်စိတ်ကြိုက်ရိုက်ခွင့်ရတဲ့ ဇာတ်ကားပေါ့။ အကောင်းဆုံးဝတ္ထုကို အကောင်းဆုံးလူတွေ ရိုက်ခွင့်ရခဲ့တာပါ။ အစ်မတို့က အမေနှစ်ယောက်နဲ့ သား၊ သမီးနှစ်ယောက်ရဲ့ကြားက ဇာတ်လေးပါ။ ပရိသတ်ကို ရသစုံအောင်ပေးထားပါတယ်။ ပရိသတ်အကြိုက်တွေ့စေမဲ့ မိဘမေတ္တာတရားလေးရယ်၊ နောက် လူငယ်တွေရဲ့ချစ်ခြင်းမေတ္တာနဲ့ တွဲဖက်ခဲ့တာပါ။ အတ္တတွေလဲ ပါဝင်တဲ့ ဇာတ်လေးဖြစ်ပါတယ်။ လက်ရှိထုတ်လွှင့်နေပါတယ်။ အပိုင်း ၂၀ ပါဝင်ပါတယ်။ အားပေးကြပါအုံးလို့ ပြောချင်ပါတယ်"ဟု ဒါရိုက်တာ ကြည်ဖြူသျှင်က ပြောပြသည်။

သုံးလွန်းတင်ပျို့ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ချမ်းမင်းရဲထွဋ်၊ မင်းအာကာ၊ ကေအေအိုင်၊ အောင်လွင်မိုး၊ မြတ်သူရိန်ကျော်၊ ဇင်မျိုး၊ ပိုးမမီသာ၊ ဆုပန်ထွာ၊ ဖူးစုံ၊ မိုးပွင့်ဖြူ၊ ခင်မို့မို့အေး၊ တာတာ၊ မေသွယ်၊ မြတ်အမရာနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing addresses Passing-out Parade of the 26th Intake of Defence Services Medical Academy



Senior General Min Aung Hlaing inspects the graduation company.

**Nay Pyi Taw December 10**

The Passing-out Parade of the 26th Intake of Defence Services Medical Academy was held at the parade ground of DSMA in Yangon this morning with an address by Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing.

Also present at the ceremony together with the Senior General were wife Daw Kyu Kyu Hla, Commander-in-Chief (Navy) Admiral Zeya Kyawhtin Htein Win and wife, Commander-in-Chief (Air) General Zeya Kyawhtin Sithu Tun Aung and wife, senior military officers from Office of Commander-in-Chief and wives, Union level dignitaries, Union ministers and wives,military command commanders, the DSMA commandant,officials from Mingaladon Station, families and relatives of cadets and guests.

First, the Senior General took the salute of cadet battalions and inspected the graduation company. Then, the cadet companies saluted the Senior General with slow-march past and quick-march past.

The Senior General presented Best Cadet Award to Cadet Aung Kyaw Moe, Excellent Award in Training to Cadet Swan Yee Htal and Excellent Award in Studies to Cadet Min Hpone Thant Aung.

In his graduation ceremony address, the Senior General said DSMA is continuously training and generating medical officer doctors with the aim of bringing about medical expert officers, who have physical and intellectual ability and who are required for Tatmadaw (Army, Navy and Air), and it has reached the 26th Intake. In addition to providing healthcare services for soldiers and their families at the units they are assigned to, the medical officers are also rendering effective healthcare services for local people.

Spiritual and physical health and fitness of every soldier is of vital importance for enhancing combat capability of every individual soldier, as the Tatmadaw has been organizing to become a modern patriotic armed forces having the fighting ability and power. Tatmadawmen will be able to shoulder duties at every time, place and region and under any climate condition only if they are healthy and fit in accord with the motto -- Make Fit to Fight. Hence, members of the medical corps must pay special attention to providing Tatmadawmen with medical protection, healthcare and treatment with their skilledprofession. They must pursue medical sciences constantly to become brilliant in their profession, and must realize the vision of the medical corps.

Moreover, they must show the true goodwill of the Tatmadaw by taking part in providing healthcare for Union nationalities, apart from military officers, other ranks and families at the units they are posted.

Today is the age of science and technology. In this regard all are witnessing the daily progress of the field of medical science. On one hand, new and changing therapies and medical equipment are emerging, and on the other, bizarre and mysterious diseases are challenging the medical field. As the graduation officers are military medical experts, they must enhance their individual skills through continuous studies on ever advancing treatment methods and medical sciences of the modern age. In addition to military officers, other ranks and families, the graduation officers must also provide healthcare service for the public with complete goodwill and kindness in accord with the motto – goodwill and kindness ensure safety. In doing so, they must distribute medical knowledge, and knowledge on prevention and cure on a broader scale to promote health awareness in accord with the saying, "prevention is better than cure."

DSMA is included in the recognition list of the World Federation for Medical Education (WFME) and provides medical instruction in line with international curricula. To enable it to stand alongside international medical universities, the DSMA is conducting postgraduate courses domestically, while also sending scholars abroad to study and train in modern medical science. Domestically, they also organize medical science conferences, medical symposiums, and workshops, and facilitate the exchange of military health care experience with foreign experts. Additionally, extensive medical research is being carried out in compliance with international standards.

It is necessary to keep abreast of armed forces in the international arena in the professions of treatment and prevention of the medical knowledge. They should not be satisfied with the medical knowledge provided by the DSMA and they continue studies of developing medical education in line with the era to become the outstanding victorious medical practitioner soldiers for the nation and the Tatmadaw.

As human obtains energy from the food, the food security is of the most basic and great importance for all human beings in the entire world. In implementing the comprehensive food security, a country must have sufficient food volume, affordable-priced food and healthy food.

As Tatmadaw members who are responsible for national defence, it is crucial for them to consume sufficient nutritious food to endure physical and mental fatigue. Therefore, medical officers need torecommend Tatmadaw members to consume healthy, nutritious foods with provision of medical expertise. At the same time, medical officers need to actively raise public awareness for health knowledge.

To implement the third point of the four directives set by the National Defence and Security Council—"To put emphasis on enhancing the national education and health sectors for sustainable development of the State"—the Defence Services medical corps has been collaborating with the Ministry of Health to focus on enhancing public healthcare. Members of the military medical corps provide healthcare services not only to soldiers and their family members at Tatmadaw hospitals and units, including practical battlefield medical support, but also assist in the healthcare needs of ethnic and local communities across generations, contributing to the well-being of the wider population.

Since 2010, Tatmadaw medical corps units have continuously expanded mobile medical treatment operations. They have personally travelled to provide healthcare services even in remote mountainous areas and border rural regions with difficult access. In regions such as deltaic areas and coastal areas, where communities rely on a single route for waterway, the medical corps has also been able to deliver healthcare services using riverine hospitals (Shwe Puzon) and sea-going hospitals (Thanlwin), ensuring the well-being of local populations.

Tatmadaw medical doctors must enhance their capacity to uphold the spirit of a good soldier and the spirit of a good doctor. To ensure they fully cultivate the spirit of a good soldier, they have been strictlytrained to follow the 60 military codes of conduct.

*See Page 13*



**Dignitaries in attendance at the Passing-out Parade of the 26th Intake of Defence Services Medical Academy.**

*From Page 12*

Likewise, to develop the spirit of a good doctor, they were trained not only in medical knowledge but also in cultivating proper professional ethics, moral conduct, and attitudes that align with medical practice.

Military doctors, who are trained and produced by Tatmadaw, must provide healthcare without discrimination based on ethnicity, religion, or social status, while strictly adhering to medical ethics. They are expected to uphold the pledge that doctors recite daily, which emphasizes maintaining the moral conduct and honourable traditions of a good person, using skilled medical knowledge to compassionately care for patients' health, and providing treatment impartially regardless of ethnicity, religion, poverty, or wealth. They are to internalize these principles in their hearts and live in accordance with them, striving to embody the character of a good and ethical practitioner.

On the other hand, as military personnel, they need to personally observe and abide by the 60 Military Codes of Conduct laid down by Tatmadaw and must also guide the troops under their command to adhere to these codes strictly. As military doctors, they'll also have to perform operational and security duties for national defense alongside the infantry soldiers. Success on the battlefield can only be achieved through good military discipline and high morale. It's particularly crucial to be loyal to the State and Tatmadaw, to fulfill the orders and duties assigned by superiors, and to effectively command and train subordinates to be highly obedient. He concluded by urging them to maintain high morale themselves, serve as role models for their subordinates, and observe the ethics of a good physician along with the codes of conduct of a good soldier.

He stated that the military medical officers willingly applied for and were competitively selected to attend the Defence Services Medical Academy (DSMA). He emphasized that since the time they were accepted into DSMA, the State and Tatmadaw invested heavily in time and resources to train and produce them, providing them with international-standard medical education. Therefore, he urged the graduating officers, who are valuable human resources for the State and Tatmadaw, not to let their goals—nor the expectations of the State, Tatmadaw, and their families—be destroyed by a momentary wrong decision. He encouraged them to uphold high standards of morale, ideology, integrity, discipline, and medical ethics in their practical duties, and build themselves into "TO BE A GOOD SOLDIER AND AN EFFICIENT DOCTOR," possessing a complete sense of camaraderie.

In building our country into a union based on federal democracy, it is important to not copy the systems of other countries and place the importance of the implementation of democratic and federal democracy aligned with our country. Democracy system means the government system chosen by the government, the essence of which is to carry out tasks in accordance with the will of the majority of the people but it is necessary to respect the will of the minority. Federal democracy means sharing the authorities and rights and it represents integration and harmony. As the election process is the essential process for the survival of the union based on democracy and federalism, the multi-party democracy general election will be held starting from 28 December.

Unlike previous elections, the upcoming election has three different features, the first one being the electoral system. The upcoming election is the combination of in addition to the First Past The Post- FPTB system the PR systems and the mixed member preoperational (MMP) system. Second one is the voting system using the Myanmar Electronic Voting Machines (MEVMs) by pressing a button at voting booths on election days. The third is the pattern of the holding elections and the elections will be held phase by phase based on security and management.

Therefore, battalions and units that arrive to their assigned regions are seriously urged to play a role in holding the free and fair elections and allowing all eligible voters to cast their votes.

All graduating officers are urged to continuously try to be physically efficient and capable medical scientists, to emphasize on providing medical protection and healthcare services to Tatmadaw personnel, to train oneself to be Hero Physicians and Victorious Soldiers by studying ever advancing medical science, to be efficient doctors whom can be relied upon by the country and the Tatmadaw by maintaining the traditions of the medical personnel.

After taking the salute from the cadet companies, the Senior General left the parade ceremony.

After the parade ceremony, the Senior General met with the cadets, who won outstanding awards, and their parents at the parlour of the headquarters of the DSMA and spoke words of honour.

In his praise of the outstanding cadets, the Senior General saidthat it's a pleasure to honour the award-winners together with their parents. The awards are the result of their uninterrupted efforts throughout the course they exerted with steadfast perseverance, diligence, and endeavor and vision and goal. As they could maintain the foundation of the efforts to pass the matriculation examination with high marks at the alma mater, they won the outstanding awards. Throughout their life, they must continue to uphold the good foundations to cement their vision and the hopes of their parents. The outstanding alumni of the alma mater are still dutifully serving the duties assigned by the State with constant efforts. As the world is ceaselessly developing and changing they must try to catch up with the advancing age by constantly reading, applying and sharing.

They must understand and know the immense gratitude they owe to their parents and teachers who had nurtured and taught them from their childhood life till reaching the alma mater. They must pay back the praiseworthy gratitude they owe to the Tatmadaw and the State that had provided them with valuable intellectual and technological knowledge by observing the codes of conduct of an officer and physician's codes and exercising self-control to enhance their value to further improve themselves and ensuring dutifulness and faithfulness. They must be the reliable and trustful leaders for their subordinates in serving duties, properly divide the major duties and develop their life through tireless efforts.

100

# 52 injured after 7.5-magnitude quake hits northeastern Japan

**Tokyo December 10**

At least 52 people were injured in northeastern and northern Japan following a 7.5 magnitude earthquake that struck the region, local media reported Wednesday.

Authorities in Aomori, Hokkaido and Iwate prefectures have confirmed 37, 11 and 4 people injured, respectively, Kyodo News reported.

Over 300 schools in total were closed on Tuesday in Hokkaido, Aomori, Iwate, Miyagi and Fukushima prefectures, but most of the schools reopened on Wednesday except for some schools damaged by the quake, the report said.

The temblor occurred at 11:15 p.m. local time on Monday off Aomori's Pacific coast, measuring upper 6 on Japan's seismic scale of 7 in parts of Aomori, according to the Japan Meteorological Agency (JMA).

The powerful quake prompted the JMA to issue tsunami warnings for Iwate Prefecture and parts of Hokkaido and Aomori prefectures. Various ports confirmed the arrival of tsunami waves, with Kuji Port in Iwate Prefecture recording a 70-cm wave.

Shortly after the quake, the weather agency issued an alert for a potential mega quake along the trench off the Pacific coast of northeastern Japan, noting there is a one-in-100 chance that a magnitude-8 or larger quake could occur within the coming week.

The advisory covers areas from Hokkaido to Chiba Prefecture, and is the first issued for the region since the mega-quake warning category was introduced in December 2022.

Xinhua

# Thai joint forces strike Cambodian military base with F-16 fighter jet

**Bangkok December 10**

Thailand's 1st Army Area Command said Wednesday that its army task force and air force launched a joint aerial strike with an F-16 fighter jet on a Cambodian military base across the border from Ban Nong Chan in Sa Kaeo province.

According to Thai media reports on Wednesday, as the scope of Thailand-Cambodia clashes expands, the Royal Thai Navy has mobilized its maritime, ground and air units to defend the Chanthaburi-Trat border area.

Reports noted that navy patrol ships have been deployed to the area for round-the-clock patrols and surveillance, on standby for any escalation. The navy also warned all Thai fishing vessels to avoid the maritime border with Cambodia and to report any Cambodian warship sightings immediately.

Thai Prime Minister Anutin Charnvirakul told local media in Bangkok on Wednesday that he had not received any contact or coordination from the Cambodian side and that it was not the right time for negotiations at present.

Thai Foreign Minister Sihasak Phuangketkeow told foreign media on Tuesday that the current situation was not suitable for third-party mediation, and that Cambodia had a responsibility to take the lead in de-escalating tensions.

Xinhua

# Graduating Honorary Dinner of DSMA Intake-26 held



Senior General Min Aung Hlaing enjoys the honorary performance by the DSMA military band.



The graduating honorary dinner of DSMA Intake-26 being hosted.

**Nay Pyi Taw December 10**

The graduating honorary dinner of the 26th Intake of the Defence Services Medical Academy was held at the assembly hall of the convocation of the DSMA in Yangon this evening and Chairman of the State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing graced the dinner.

Also present at the dinner were Daw Kyu Kyu Hla, the wife of the Senior General, Commander-in-Chief (Navy) Admiral Htein Win and his wife, Commander-in-Chief (Air) General Tun Aung and his wife, senior officers from the Office of the Commander-in-Chief of Defence Services and their wives, union-level officials and union ministers and their wives, commanders of regional military commands, the commandant of the DSMA and officers from the Mingalardon Station, parents and relatives of graduating officers and guests.

First, the Senior General cordially greeted the graduating officers one by one and the Senior General and party enjoyed dinner together with them.

After the dinner, the Senior General and party enjoyed the honorary performance of the DSMA military band and presented cash rewards for them.

Then, the Senior General and party, together with the graduating officers, enjoyed music and one-act plays presented by the Myawady Band under the Directorate of Public Relations and Psychologal Warfare at the convocation hall.

100

# ChaungU Township plansts more than 3,000 acres of vegetables

**ChaungU December 10**

Local farmers have grown more than 3,000 acres of croplands under vegetables in ChaungU Township of Sagaing Region, according to the township Agriculture Department.

During the 2025–2026 winter crop season, ChaunGU Township plans to cultivate 7,120 acres of vegetables, and as of today, 3,571 acres have already been planted since cultivation began in October this year.

"This year, ChaungU Township plans to grow more than 7,000 acres of vegetables during the winter crop season. As of today, more than 3,000 acres have been cultivated. The crops include mustard greens, long beans, coriander, Chinese cabbage, potatoes, cauliflower, eggplants and ridge gourd. We are providing farmers with technical support to ensure all vegetables are grown under the GAP system. We are also giving guidance to help farmers minimize chemical residues and cultivate in a way that meets health standards," said U Tint Swe, head of the ChaungU Township Agriculture Department.



A vegetable plantation.

This year, the township agriculture department is providing farmers with GAP-based training, technical support to ensure harvested vegetables meet health standards, and assistance to help expand vegetable cultivation.

ChaungU Township grows various seasonal vegetables every year, and these crops have been successful and have brought income to households. The township agriculture department is also educating farmers on proper cultivation methods, pest prevention, the use of natural fertilizers, and the preparation and use of natural pesticides and repellents.

206

# Cultivated straw mushroom in high demand in Kyaunggon Township

**Kyaunggon December 10**

Cultivated straw mushrooms are in high demand at the domestic markets in Kyaunggon Township of Ayeyawady Region, said Daw Kalya, the owner of green grocery wholesale centre in Nyaunggon Township.

In Kyaunggon Township, the cultivation of straw mushrooms, which began in the third week of November this year, has seen strong demand and healthy trade up to the present. The cultivated straw mushrooms are reported to be selling and buying at volumes of 1,200 to 2,500 baskets per day.

"At present, one basket of cultivated straw mushrooms is priced at over K20,000. The price is still favorable, so farmers are actively engaged in cultivation. Buyers in the local markets are purchasing the mushrooms. Although sales are good, the number of farmers growing these mushrooms is limited, so supply is low. The mushrooms that are harvested are of good quality, and the caps sell better," said Daw Kalyar.

The cultivated straw mushrooms from Kyaunggon Township are of good quality, and buyers in the local markets prefer the caps over the mushroom blooms, making the caps more popular and in higher demand.

Kyaw Kyaw Lin



Photo shows straw mushrooms.

# Groundnut plantations harvested in Myinmu Township

**Myinmu December 10**

All sown acreage of groundnut planted in monsoon have been harvested in Myinmu Township of Sagaing Region, according to the Sagaing District Agriculture Department.

During this year's monsoon crop season, Myinmu Township was able to cultivate 26,245 acres of groundnuts. Harvesting of the planted fields began in October, and as of today, all the acreage has been fully harvested, with an average yield of 52.98 viss per acre.

"This year, 26,245 acres of groundnuts were planted in Myinmu Township. Currently, all the fields have been completely harvested, and the crop has performed successfully. Groundnut cultivation has been improving year by year," said Daw Myat Moe Win, head of the Sagaing District Agriculture Department.

In Myinmu Township, groundnut cultivation requires planting one acre per seed variety, with total costs—including seed, labor, land fertilizer, and pesticide—exceeding over K200,000 per acre. The expected yield is over 50 viss per acre.

This year, to ensure successful growth of groundnut fields, prevent pest and disease outbreaks, and maintain clean crop quality, township agriculture department staff conducted field inspections and collected clean records directly from the fields.

206

# Further demolition of 10 buildings used for online scam gambling in KK Park area; continued clearance of buildings used for online scam gambling in Myawady and surrounding areas


A 4-story residential building illegally constructed within KK Park area (Section 3).
Before demolition.
After demolition.

**Nay Pyi Taw December 10**

The Government of Myanmar is conducting clearance operations in illegal buildings within the Shwe Kokko and KK Park areas, where online scam gambling activities are most concentrated. Security force members, administrative organizations, and regional authorities, as part of a joint task force, are systematically demolishing and destroying seized assets used in online scam gambling operations and illegal structures.

As part of these ongoing efforts to combat online scam gambling, today, within the Myawaddy-Maehtawthalay (KK Park) area, in section (3) of the zone, 10 more illegal buildings used for committing online scam gambling were demolished. These include one four-story building, one three-story building, and eight two-story buildings. Consequently, out of a total of 635 illegal buildings within the KK Park area, 361 have now been systematically demolished and destroyed.

Furthermore, to prevent the reuse of items employed for online scam gambling in KK Park and Shwe Kokko areas, these were systematically burned and destroyed today. Regarding foreigners arrested illegally in these areas, efforts are being made by relevant joint departmental teams to repatriate them to their respective countries as soon as possible, based on humanitarian considerations and friendly relations between nations. Today, four Thai nationals detained from the Myawady-Shwe Kokko area were handed over through legal procedures via the Myanmar-Thailand Friendship Bridge No. (2). It is also reported that efforts continue to repatriate the remaining illegal foreigners to their respective countries, and they are being kept in good custody.

Additionally, to ensure that illegal foreigners do not reside and engage in online scam gambling activities in buildings in and around Myawady Township, Kayin State, a joint task force including security personnel, administrative bodies, and local authorities began search and clearance operations starting December 8. Today, 132 more buildings were inspected, and no items used for online scam gambling or illegal nationals were found inside these structures.

It is reported that the government is treating the crackdown on online scam gambling offenses as a national duty. They are committed to completely preventing such activities from taking root within Myanmar, not only through domestic forces but also by coordinating and collaborating with neighbouring governments, and will continue these efforts accordingly.

100



Clearing out a building that could potentially harbor illegal foreign nationals.


Burning and destroying equipment used for online scam gambling operations within the Shwe Kokko area.

# Combined teams destroy poppy plantations as one of plans to eradicate narcotic drugs


Record of destruction of a 35-acre poppy field in Loilem Township, with plants about 2.5 feet tall and in bloom.
Photo before destruction.
Photo after destruction.

**Nay Pyi Taw December 10**

Myanmar is actively conducting the narcotics eradication operations in cooperation with the United Nations, neighbouring countries, ASEAN member states, countries in the Mekong region, member countries of the BIMSTEC, and international drug control organizations. As part of these efforts, Myanmar is carrying out the destruction of poppy fields, which is one component of the broader anti-narcotics campaign.

In this regard, Tatmadaw members, Myanmar Police Force members, those from the relevant departments from the combined team including the General Administration Department, the Forest Department and the Department of Agricultural Land Management and Statistics, local people's militia troops and resident ethnic people destroyed blooming poppy plantations on 9 and 10 December. They destroyed 35 acres of 2.5 feet high poppy plantations in the field, some two miles southwest of Lonaung Village of Hsinchayphone Village-tract in Loilem Township, Shan State (South), 25 acres of 3.5 feet high poppy plantation, two miles southwest of Sanphu Village, 30 acres of three feet high plantation, three miles southwest of Taungnauk Village in Taungnauk Village-tract, and 25 acres of three feet high plantation, three miles and four furlongs west of the village, totalling 115 acres. A plan is underway to continue destruction of the poppy plantations. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။




**ရှေ့ဖုံးမှအဆက်**

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းမှူးများ၊ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့်ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ဗိုလ်လောင်းတပ်ခွဲများက နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်စဉ်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအောင်ကျော်မိုး၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်းစွမ်းရည်ထည် နှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း မင်းဖုန်းသန့်အောင်တို့ကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် တပ်မတော် ဆေးတက္ကသိုလ်ကို **“တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက်လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင် အရာရှိကောင်းများ မွေးထုတ်ပေးရန်”** ဟူသည့်ရည်ရွယ်ချက်ဖြင့် တပ်မတော်သား ဆေးမှူးအရာရှိများကို စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ပေးခဲ့သည်မှာ ယခုအခါ သင်တန်းအမှတ်စဉ်(၂၆)ထိ ရောက်ရှိခဲ့ပြီ ဖြစ်ကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်က မွေးထုတ်ပေးလိုက်သည့်ဆေးမှူးအရာရှိများ များကိုပါ ထိထိရောက်ရောက်လုပ်ဆောင်ပေးလျက်ရှိနေကြောင်း။

မိမိတို့တပ်မတော်ကို တိုက်စွမ်းရည်၊ တိုက်စွမ်းအားရှိသည့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တစ်ရပ်အဖြစ် ရည်မှန်းချက်ထားပြီး ဖွဲ့စည်းတည်ဆောက်လျက်ရှိရာတွင် တပ်မတော်သားတိုင်း တိုက်စွမ်းရည်မြင့်မားရေးအတွက် စိတ်ရောကိုယ်ပါကြံ့ခိုင်ရန် အလွန်အရေးကြီးကြောင်း၊ **“ကျန်းမာကြံ့ခိုင် တိုက်နိုင်ရန်” (Make Fit to Fight)** ဟူသည့် ဆောင်ပုဒ်နှင့်အညီ တပ်မတော်သားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိမှသာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အချိန်မရွေး၊ နေရာဒေသမရွေး၊ ရာသီဥတုမရွေး တာဝန်ထမ်းဆောင်နိုင်ကြမည်ဖြစ်သဖြင့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့တတ်ကျွမ်းသည့် ဆေးပညာဖြင့် တပ်မတော်သားများအပေါ် ဆေးအကာအကွယ်ပေးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုသပေးမှုများကို အထူးအလေးထား ဆောင်ရွက်ပေးသွားကြရမည် ဖြစ်ကြောင်း၊ မိမိတို့သင်ယူတတ်မြောက်ခဲ့သည့်ဆေးပညာရပ်များကို ကျွမ်းကျင်ထက်မြက်နေအောင် အစဉ်လေ့လာဆည်းပူးနေပြီး တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ ရည်မှန်းချက်တာဝန်ကို အောင်မြင်အောင် အကောင်အထည်ဖော်သွားကြရန် မှာကြားလိုကြောင်း။

ထို့ပြင် **တာဝန်ထမ်းဆောင်မည့်တပ်ဖွဲ့အသီးသီးကိုရောက်ရှိချိန်၌ တပ်မတော်သား အရာရှိ၊ စစ်သည်၊ မိသားစုဝင်များသာမက ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင်လည်း မေတ္တာစေတနာအရင်းခံပြီး ပါဝင်ကူညီခြင်းအားဖြင့် တပ်မတော်၏ စိတ်ရင်းစေတနာ အမှန်ကိုပြသပေးကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။**

ယနေ့ခေတ်သည် သိပ္ပံနှင့် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ ဆေးသိပ္ပံပညာရပ်နယ်ပယ်သည်လည်း အရှိန်အဟုန်ဖြင့် တစ်နေ့တခြား တိုးတက်ပြောင်းလဲလျက်ရှိသည်ကိုတွေ့ရှိရမည်ပင်ဖြစ်ကြောင်း၊ ရောဂါရှာဖွေသည့်ပစ္စည်းကိရိယာများ၊ ကုသသည့်

ကိရိယာများ၊ ဆေးဝါးနှင့် ကုထုံးအသစ်များဆန်းသစ်ပြောင်းလဲလာသကဲ့သို့ထူးခြားဆန်းပြားသည့် ရောဂါဘယများသည်လည်း ဆေးပညာလောကကို မပြတ်စိန်ခေါ်လျက်ရှိနေကြောင်း။

သင်တန်းဆင်း အရာရှိများအနေဖြင့်လည်း တပ်မတော်သားဆေးသိပ္ပံပညာရှင်များဖြစ်သည်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် ခေတ်မီပြုစုကုသမှုများနှင့် ဆေးပညာရပ်များကို မျက်ခြည်ပြတ်မခံဘဲစဉ်ဆက်မပြတ်လေ့လာဆည်းပူးပြီး တစ်ဦးချင်း၏ အရည်အသွေးတိုးတက်မြင့်မားလာအောင် မြှင့်တင်နေကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သား အရာရှိ၊ စစ်သည်၊ မိသားစုဝင်များသာမက ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ပေးရာတွင် **“စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ”** ဟူသည့် ဆောင်ပုဒ်နှင့်အညီ စေတနာတရား၊ အကြင်နာတရားအပြည့်ဖြင့် ပြုစုစောင့်ရှောက်သွားကြရန်လိုကြောင်း၊ ထိုသို့ စောင့်ရှောက်သည့်နေရာတွင် **“ကာကွယ်ခြင်းသည် ကုသခြင်းထက်ပိုမိုထိရောက်သည်”**ဟူသည့်အတိုင်း ကိုယ်စီကျန်းမာရေးအသိ၊ ကျန်းမာရေးသတိမြင့်မားလာအောင် အသိပညာဖြန့်ဝေပေးခြင်း၊ ကြိုတင်ကာကွယ်မှုနှင့် ကုသမှုဆိုင်ရာပညာပေးခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

တပ်မတော်ဆေးတက္ကသိုလ်သည် ကမ္ဘာ့ဆေးပညာသင်ကြားရေးအဖွဲ့အစည်း(World Federation for Medical Education–WFME)၏ အသိအမှတ်ပြုစာရင်းဝင်ဖြစ်သကဲ့သို့ နိုင်ငံတကာသင်ရိုးညွှန်းတမ်းများနှင့်အညီ ဆေးပညာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံတကာဆေးတက္ကသိုလ်များနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ပြည်တွင်း၌ ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေသကဲ့သို့ ပြည်ပနိုင်ငံများတွင်လည်း ခေတ်မီဆေးသိပ္ပံပညာရပ်များ သင်ကြားလေ့ကျင့်နိုင်ရေးအတွက် ပညာတော်သင်များ စေလွှတ်ပေးလျက်ရှိကြောင်း၊ ပြည်တွင်း၌လည်း ဆေးသိပ္ပံညီလာခံများ၊ ဆေးပညာနှီးနှောဖလှယ်ပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြုလုပ်ပေးပြီး နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်များဖြင့် စစ်ဘက်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအတွေ့အကြုံဖလှယ်ခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ဆေးပညာဘာသာရပ်နှင့်ပတ်သက်ပြီး သုတေသနလုပ်ငန်းများကိုလည်း နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်စေလျက်ရှိနေကြောင်း။

ထို့ကြောင့် ဆေးဘက်ဆိုင်ရာပညာရပ်များဖြစ်သည့် ပြုစုကုသရေး၊ အကာအကွယ်ပေးရေးစသည့် အတတ်ပညာပိုင်းဆိုင်ရာများတွင် နိုင်ငံတကာတပ်မတော်များနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်က သင်ကြားပေးလိုက်သည့် ဆေးပညာရပ်များဖြင့်သာ ရောင့်ရဲတင်းတိမ်မနေဘဲ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် ဆေးပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် ထူးချွန်ထက်မြက်သည့် **“သမားဇာနည်အောင်စစ်သည်”**များဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

လူသားများ အသက်ရှင်နေထိုင်လှုပ်ရှားသွားလာရန်အတွက် လိုအပ်သည့်စွမ်းအင်(Energy)များကို အစားအသောက်များမှရရှိခြင်းဖြစ်သဖြင့် စားနပ်ရိက္ခာလုံခြုံရေး(Food Security)သည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သက်ရှိလူသားအားလုံးအတွက် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံးလိုအပ်ချက်တစ်ခုပင်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခုတွင် စားနပ်ရိက္ခာလုံခြုံရေးကို ပြီးပြည့်စုံစွာ အကောင်အထည်ဖော်ရာ၌ လုံလောက်သည့်စားနပ်ရိက္ခာပမာဏရရှိနိုင်မှု၊ ဈေးနှုန်းသင့်တင့်သော စားနပ်ရိက္ခာရရှိနိုင်မှုနှင့် ကျန်းမာရေးနှင့်ညီညွတ်သည့် စားနပ်ရိက္ခာရရှိနိုင်မှုတို့ ပြည့်စုံနေရန်လိုအပ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ကြရမည့် မိမိတို့တပ်မတော်သားများအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပင်ပန်းဆင်းရဲမှုဒဏ်ကို ခံနိုင်ရေးအတွက် အာဟာရပြည့်ဝသည့် အစားအစာများ လုံလောက်စွာ စားသောက်နေနိုင်ရေးသည် အရေးကြီးသည့်အချက်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားတိုင်း ကျန်းမာရေးနှင့်ညီညွတ်သည့်အစာအာဟာရများ ပြည့်ပြည့်ဝဝစားသုံးနိုင်ရေးအတွက် မိမိတတ်ကျွမ်းထားသည့် ဆေးပညာရှုထောင့်မှ အမြဲမပြတ်ထိန်းသိမ်းစောင့်ရှောက်ပြီး အကြံဉာဏ်များပေးသွားရမည်ဖြစ်သကဲ့သို့ ပြည်သူလူထုကိုလည်း ကျန်းမာရေးအသိပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကချမှတ်ထားသည့် ဦးတည်ချက်(၄)ရပ်အနက် တတိယအချက်ဖြစ်သည့် **“နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး”** ဟူသည့်အချက်ကို အကောင်အထည်ဖော်ရန်အတွက် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူပူးပေါင်းပြီး ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို အလေးထားမြှင့်တင်ဆောင်ရွက်လျက်ရှိနေကြောင်း၊ တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအနေဖြင့် တပ်မတော်ဆေးရုံ၊ တပ်ရင်း၊ တပ်ဖွဲ့များတွင် တပ်မတော်သားများနှင့် တပ်မတော်သားမိသားစုဝင်များကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ စစ်မြေပြင်လက်တွေ့ ဆေးအကာအကွယ်ပေးရေးလုပ်ငန်းများသာမက ခေတ်အဆက်ဆက်တွင် တိုင်းရင်းသားပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကိုလည်း တစ်ဖက်တစ်လမ်းက ကူညီဖြေရှင်းဆောင်ရွက်ပေးခဲ့ကြကြောင်း။

၂၀၁၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့များသည် နယ်လှည့်ဆေးကုသမှု လုပ်ငန်းများကို အင်တိုက်အားတိုက်တိုးမြှင့်ဆောင်ရွက်ပေးခဲ့ရာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် တောင်ပေါ်ဒေသနှင့် နယ်စပ်ကျေးလက်ဒေသများပါမကျန် ကိုယ်တိုင်ကိုယ်ကျသွားရောက်စောင့်ရှောက်ကုသပေးခဲ့ကြကြောင်း၊ ရေလမ်းကြောင်းတစ်ခုတည်းကိုသာ အားကိုးအားထားပြုပြီးသွားလာနေကြရသည့် မြစ်ဝကျွန်းပေါ်ဒေသနှင့် ကမ်းရိုးတန်းဒေသတို့တွင်ရှိသည့် ပြည်သူလူထု၏ကျန်းမာရေးကိုလည်းမြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တို့ဖြင့် သွားရောက်စောင့်ရှောက်ပေးနိုင်ခဲ့ကြောင်း။

တပ်မတော်သားဆရာဝန်များဖြစ်သည့်အတွက် စစ်သည်တော်ကောင်းစိတ်ဓာတ်နှင့် ဆရာဝန်ကောင်းစိတ်ဓာတ်တို့ နှစ်မျိုးစလုံးပြည့်စုံနေရန်လိုကြောင်း၊ စစ်သည်တော်ကောင်းစိတ်ဓာတ်ပြည့်ဝစေရေး စစ်သည်တော်ကျင့်ဝတ်အပါး(၆၀)ကို တိကျစွာလိုက်နာတတ်စေရန် လေ့ကျင့်ပေးခဲ့သကဲ့သို့ ဆရာဝန်ကောင်းစိတ်ဓာတ်ရှိစေရေး ဆေးပညာရပ်များအပြင် ဆေးပညာကျင့်ဝတ်နှင့် ညီသည့် သမားကောင်းစိတ်ဓာတ်၊ ခံယူချက်များ ကောင်းမွန်ရေးကိုလည်း လေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း။

တပ်မတော်က မွေးထုတ်ပေးလိုက်သည့် တပ်မတော်သားဆေးပညာရှင်သမားကောင်းများပီသစွာ လူမျိုး၊ ဘာသာအဆင့်အတန်းမရွေး ကျန်းမာရေးစောင့်ရှောက်မှုပေးပြီး ဆေးပညာကျင့်ဝတ်တွေကို လိုက်နာစောင့်ထိန်းသွားရမည်ပင်ဖြစ်ကြောင်း၊ နေ့စဉ်ရွတ်ဆိုနေသည့် ဆရာဝန်များ၏အဓိဋ္ဌာန်ပြုကတိသစ္စာတွင်ပါသည့် **“သမားကောင်းတစ်ဦး၏ ကိုယ်ကျင့်တရားနှင့် မွန်မြတ်သည့် ဂုဏ်သိက္ခာအစဉ်အလာကို ထိန်းသိမ်းရေး၊ ဆည်းပူးတတ်မြောက်ထားသော ဆေးပညာဖြင့် ဂိလာနပုဂ္ဂိုလ်များ၏ ကျန်းမာရေးကို စေတနာမေတ္တာရှေ့ထား၍ လူမျိုး၊ ဘာသာ၊ ဆင်းရဲ၊ ချမ်းသာမရွေး စွမ်းစွမ်းတမံစောင့်ရှောက်ကုသရေး”**စသည့် အချက်များကို မိမိတို့၏စိတ်သန္တာန်တွင် စွဲမြဲစွာမှတ်သားပြီး ကျင့်ဝတ်နှင့်ညီသည့် သမားကောင်းတစ်ဦးဖြစ်အောင်ကျင့်ကြံနေထိုင်ကြရန် လိုကြောင်း။

တစ်ဖက်တွင်လည်း တပ်မတော်သားများဖြစ်သည်နှင့်အညီ တပ်မတော်က ပြဋ္ဌာန်းထားသည့် စစ်သည်တော်ကျင့်ဝတ်အပါး(၆၀)ကို ကိုယ်တိုင်စောင့်ထိန်းလိုက်နာရန်လိုအပ်သကဲ့သို့ မိမိကွပ်ကဲရသည့် တပ်ဖွဲ့ဝင်များကိုလည်း တစ်သဝေမတိမ်း

စာမျက်နှာ ၁၈ သို့



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း အောင်ကျော်မိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆)မှ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းစွမ်းရည်ထည်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆)မှ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း မင်းဖုန်းသန့်အောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

**တာဝန်ထမ်းဆောင်မည့် တပ်ဖွဲ့အသီးသီးကိုရောက်ရှိချိန်၌ တပ်မတော်သား အရာရှိ၊ စစ်သည်၊ မိသားစုဝင်များသာမက ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင်လည်း မေတ္တာစေတနာအရင်းခံပြီး ပါဝင်ကူညီခြင်းအားဖြင့် တပ်မတော်၏ စိတ်ရင်းစေတနာအမှန်ကို ပြသပေးကြရန် အလေးအနက်ထားမှာကြားလို . . .**




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းသုံးဦးနှင့် ၎င်းတို့၏မိဘဆွေမျိုးများကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

လိုက်နာဆောင်ရွက်ရန် ထိန်းကျောင်းပေးကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားဆရာဝန်များ ဖြစ်သည်နှင့်အညီ ခြေလျင်တိုက်ခိုက်ရေးစစ်သည်များနှင့် အတူ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များကိုလည်း ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ စစ်မြေပြင်တွင် စစ်စည်းကမ်းကောင်းမွန်ပြီး စိတ်ဓာတ်ခံယူချက်မြင့်မားမှသာ အောင်မြင်မှုများရယူနိုင်မည်ဖြစ်ကြောင်း အထူးသဖြင့် **နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိပြီး အထက်ကပေးအပ်လာသည့် အမိန့်နှင့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ရန် အရေးကြီးသကဲ့သို့ မိမိကွပ်ကဲရသည့်လက်အောက်ငယ်သားများကိုလည်း အမိန့်နာခံမှုကောင်းအောင် ကွပ်ကဲလေ့ကျင့်ပေးရန် လိုအပ်**ကြောင်း၊ **မိမိကိုယ်တိုင်ကလည်း စိတ်ဓာတ်ခံယူချက်မြင့်မားစွာဖြင့် လက်အောက်ငယ်သားများကို စံနမူနာပြနေထိုင်ပြီး သမားကောင်းတစ်ဦး၏ ကျင့်ဝတ်များနှင့် စစ်သည်တော်ကောင်းတစ်ဦး၏ ကျင့်ဝတ်များကိုပါ လိုက်နာစောင့်ထိန်းသွားကြရန် မှာကြားလို**ကြောင်း။

တပ်မတော်ဆေးမှူးအရာရှိများဖြစ်ရန် တပ်မတော်ဆေးတက္ကသိုလ်ကို မိမိတို့၏သဘောဆန္ဒအလျောက် ကိုယ်တိုင်ဆန္ဒပြုလျှောက်ထားခဲ့ကြသကဲ့သို့ ယှဉ်ပြိုင်ရွေးချယ်ခံပြီး တက်ရောက်ခဲ့ကြရခြင်းဖြစ်ကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်တွင် တက်ရောက်ခွင့်ရရှိခဲ့ချိန်မှစပြီး နိုင်ငံတော်နှင့်တပ်မတော်က ငွေကုန်ကြေးကျများစွာဖြင့် နိုင်ငံတကာအဆင့်မီဆေးပညာရပ်များကို အချိန်ယူသင်ကြားလေ့ကျင့်မွေးထုတ်ပေးလိုက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် တပ်မတော်၏ အဖိုးတန်လူသားအရင်းအမြစ်များဖြစ်သည့် ကျောင်းဆင်းအရာရှိများအနေဖြင့် တဒင်္ဂဆုံးဖြတ်ချက်အမှားကြောင့် မိမိတို့၏ရည်မှန်းချက်၊ နိုင်ငံတော်၊ တပ်မတော်နှင့် မိဘဆွေမျိုးများ၏မျှော်မှန်းချက်များကို မပျောက်ပျက်စေဘဲ စိတ်ဓာတ်၊ ခံယူချက်၊ ကိုယ်ကျင့်တရား၊ စည်းကမ်း၊ ဆေးပညာ ကျင့်ဝတ်များနှင့်အညီ လက်တွေ့နယ်ပယ်တွင် တာဝန်ထမ်းဆောင်ကြသည့်အခါ ရဲဘော်ရဲဘက်စိတ်ပြည့်ဝသည့် **“သမားဇာနည်အောင်စစ်သည်”** TO BE A GOOD SOLDIER AND AN EFFICIENT DOCTOR တစ်ယောက်ဖြစ်အောင် မိမိကိုယ်မိမိတည်ဆောက်သွားကြရန်မှာကြားလိုကြောင်း။

မိမိတို့နိုင်ငံကိုဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရာတွင် အခြားနိုင်ငံများ၏ပုံစံကို ပုံတူကူးပြီး ကျင့်သုံးခြင်းမျိုးမဟုတ်ဘဲ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကိုဖော်ဆောင်ရန် အရေးကြီးကြောင်း၊ **ဒီမိုကရေစီစနစ်**ဆိုသည်မှာ ပြည်သူကရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ၎င်း၏အနှစ်သာရဖြစ်သည့် အများဆန္ဒအတိုင်း ဆောင်ရွက်ခွင့်ရှိသော်လည်း လူနည်းစု၏ဆန္ဒကိုလည်း အလေးထားရန်လိုအပ်ကြောင်း၊ **ဖက်ဒရယ်စနစ်**ဆိုသည်မှာ လုပ်ပိုင်ခွင့်အာဏာနှင့်ရပိုင်ခွင့်များကို မျှဝေခံစားခြင်းဖြစ်ပြီး ၎င်း၏အနှစ်သာရမှာ ပေါင်းစည်းခြင်းနှင့် သဟဇာတဖြစ်မှုတို့ပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ဖြစ်ပေါ်လာစေရေးအတွက် ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ရေးသည် အလွန်အရေးကြီးကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ရန်အတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်သည် မဖြစ်မနေလုပ်ရမည့် လုပ်ငန်းစဉ်ဖြစ်ခြင်းကြောင့် ပြည်သူလူထု အများစုလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပပေးသွားတော့မည်ဖြစ်ကြောင်း။

ယခုပြုလုပ်ပေးမည့် ရွေးကောက်ပွဲသည် ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများနှင့်မတူသည့်အချက် သုံးချက်ရှိကြောင်း၊ ပထမအချက်မှာ **ရွေးကောက်ပွဲစနစ်**ဖြစ်ကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင် ယခင်ကျင့်သုံးခဲ့သည့် အနိုင်ရသူအကုန်ယူ (First Past The Post-FPTP)စနစ်အပြင် FPTP နှင့် PR စနစ် ပေါင်းစပ်ရောနှောထားသည့် ကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional-MMP)စနစ်ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒုတိယတစ်ချက်မှာ **မဲပေးသည့်စနစ်**ဖြစ်ပြီး ကြိုတင်မဲများကလွဲပြီး ရွေးကောက်ပွဲကျင်းပသည့်နေ့မဲရုံများ၌ မဲပေးရာတွင် မြန်မာအီလက်ထရောနစ် မဲပေးစက် (Myanmar Electronic Voting Machine-MEVM)များနှင့် ခလုတ်နှိပ်ပေးရမည်ဖြစ်ကြောင်း၊ တတိယအချက်မှာ **ရွေးကောက်ပွဲကျင်းပသည့်ပုံစံ**ဖြစ်ပြီး ရွေးကောက်ပွဲကို လုံခြုံရေးနှင့်စီမံခန့်ခွဲမှုအပေါ် မူတည်ပြီး အပိုင်းလိုက်ကျင်းပပေးသွားမည်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့တာဝန်ကျရာတပ်ရင်း၊တပ်ဖွဲ့ဒေသအသီးသီးကို ရောက်ရှိချိန်တွင်လည်း လွတ်လပ်ပြီးတရားမျှတမှုရှိသည့်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းစဉ်များနှင့် ပြည်သူတစ်ရပ်လုံးပါဝင်ပြီး မဲပေးခွင့်ရှိသူအားလုံး မဲပေးနိုင်ရေးကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

> **နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိပြီး အထက်ကပေးအပ်လာသည့် အမိန့်နှင့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ရန် အရေးကြီးသကဲ့သို့ မိမိကွပ်ကဲရသည့် လက်အောက်ငယ်သားများကိုလည်း အမိန့်နာခံမှုကောင်းအောင် ကွပ်ကဲလေ့ကျင့်ပေးရန်လိုအပ်၊ မိမိကိုယ်တိုင်ကလည်း စိတ်ဓာတ်ခံယူချက်မြင့်မားစွာဖြင့် လက်အောက်ငယ်သားများကို စံနမူနာပြနေထိုင်ပြီး သမားကောင်းတစ်ဦး၏ကျင့်ဝတ်များနှင့် စစ်သည်တော်ကောင်းတစ်ဦး၏ ကျင့်ဝတ်များကိုပါ လိုက်နာစောင့်ထိန်းသွားကြရန် မှာကြားလို . . .**

တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင် အရာရှိကောင်းများဖြစ်အောင် အစဉ်လေ့ကျင့်ကြိုးပမ်းဆောင်ရွက်သွားကြရန်၊မိမိတတ်ကျွမ်းသည့်ဆေးပညာနှင့် တပ်မတော်သားများအပေါ် ဆေးအကာအကွယ်ပေးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုသပေးမှုများကို အစဉ်အလေးထားဆောင်ရွက်သွားကြရန်၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာနေသည့်ဆေးပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အရည်အသွေးထူးချွန်ထက်မြက်တောက်ပြောင်သည့် **“သမားဇာနည် အောင်စစ်သည်များ”** ဖြစ်အောင် လေ့ကျင့်ဆောင်ရွက်သွားကြရန်၊ ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားပြုရသည့် ဆေးသိပ္ပံပညာရှင် ဆရာဝန်ကောင်းများဖြစ်အောင် ကြိုးစားကျင့်ကြံနေထိုင်သွားရင်း ကောင်းမြတ်သည့် ဆေးဝန်ထမ်းတပ်ဖွဲ့၏ အစဉ်အလာကောင်းများကို လက်ဆင့်ကမ်း ထိန်းသိမ်းသွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြ အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်ဆေးတက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့်မိဘများကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများရရှိကြသည့်အတွက် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် သင်တန်းကာလရှည်တစ်လျှောက်လုံး မျှော်မှန်းချက်၊ ရည်မှန်းချက်ရှိစွာဖြင့် မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် အစဉ်တစိုက်ကြိုးစားအားထုတ်ခဲ့ပြီး မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနှင့် နေထိုင်ခဲ့မှု အကျိုးရလဒ်ကို ခံစားရခြင်းပင်ဖြစ်ကြောင်း၊ အခြေခံပညာ၊ အထက်တန်းပညာကို မြင့်မားသောရမှတ်များဖြင့် အောင်မြင်ခဲ့သည့်ကြိုးစားအားထုတ်မှု အခြေခံကောင်းများကို ယခုတက္ကသိုလ်ပညာရပ်များ ဆည်းပူးရာတွင်လည်း ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး ကြိုးစားခဲ့သောကြောင့် ထူးချွန်စွာအောင်မြင်ခဲ့ပြီးဖြစ်သဖြင့် ရှေ့ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်တွင်လည်း မိမိတို့၏ရည်မှန်းချက်များ၊ မိဘများ၏ မျှော်မှန်းချက်များ မပျောက်ပျက်၊ မယိမ်းယိုင်စေရေးအတွက် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်မှထူးချွန်စွာဖြင့် သင်တန်းဆင်းခဲ့ကြသည့် နောင်တော်တပ်မတော်အရာရှိများသည်လည်း စဉ်ဆက်မပြတ်သည့် ကြိုးစားအားထုတ်မှုများဖြင့် နိုင်ငံတော်နှင့်တပ်မတော်ကပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြကြောင်း။

ကမ္ဘာကြီးသည် စဉ်ဆက်မပြတ်ပြောင်းလဲ တိုးတက်နေသည်ဖြစ်သည့်အတွက် ခေတ်နှင့်အမီလိုက်နိုင်ရေး စာပေဖတ်ရှုလေ့လာခြင်း၊ လက်တွေ့အသုံးချခြင်း၊ မျှဝေခြင်းများကို အမြဲမပြတ်ဆောင်ရွက်သွားရန်လည်းလိုကြောင်း။

ငယ်စဉ်ကလေးဘဝမှ တက္ကသိုလ်ရောက်သည်ထိ ကျွေးမွေးစောင့်ရှောက်သွန်သင်ပေးခဲ့သည့် ကြီးမားလှသည့် မိဘဆရာတို့၏ဂုဏ်ကျေးဇူးကို သိတတ်နားလည်ကျေးဇူးဆပ်ရမည်ဖြစ်သကဲ့သို့ တန်ဖိုးရှိသည့် အသိပညာများနှင့် အတတ်ပညာများကို သင်ကြားလေ့ကျင့်မွေးထုတ်ပေးလိုက်သည့် တပ်မတော်နှင့် နိုင်ငံတော်၏ ဂုဏ်ကျေးဇူးကိုလည်း အရာရှိကောင်းတစ်ဦး၊ ဆရာဝန်ကောင်းတစ်ဦး ပီသစွာနေထိုင်ကျင့်ကြံခြင်း၊ မိမိကိုယ်ကို တန်ဖိုးထား၍စောင့်ထိန်းနေထိုင်ကာ ဆက်လက်တိုးတက်အောင်နေထိုင်ခြင်း၊ သစ္စာရှိရှိဖြင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ခြင်းတို့ဖြင့် ကျေးဇူးဆပ်ရမည်ဖြစ်ကြောင်း၊ တာဝန်များကို ထမ်းဆောင်ချိန်တွင်လည်း လက်အောက်က လက်ခံအားကိုးယုံကြည်ရသည့် ခေါင်းဆောင်ကောင်းများ ဖြစ်စေရေး၊ ကြီးမားသည့်တာဝန်များကို လက်ဆင့်ကမ်းတာဝန်ပေးအပ်နိုင်ရေး မိမိဘဝကိုမိမိဆက်လက်ကြိုးစားတည်ဆောက်သွားကြရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)






နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

☆ ကျောဖုံးမှအဆက်

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းမှူးများ၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သင်တန်းဆင်းအရာရှိများကို တစ်ဦးချင်းရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့် အဖွဲ့ဝင်များသည် တပ်မတော်ဆေးတက္ကသိုလ် ဂုဏ်ပြုစစ်တီးဝိုင်းတပ်ဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့် အတူ ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဥ၀၁)




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။

# တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဆင်းဗိုလ်လောင်းများကို ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနား ကျင်းပ



ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း ကျောင်းဆင်း ဗိုလ်လောင်း တစ်ဦးချင်းစီကို ပြန်တမ်းဝင် ခန့်အပ်လွှာများ ပေးအပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၀**

တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆) ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်စိုးညွန့်နှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ တပ်မတော်အရာရှိကြီးများနှင့်တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းက ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီကို ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်သည်။

ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းက အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (ဥ၀၁)

❖ ရွှေတံဆိပ်ဆုဆွတ်ခူးမှ

အိမ်ရှင်ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက ရမှတ် ၅၁၂ မှတ်ရရှိခဲ့ပြီး ထိုင်းအသင်းက ရမှတ် ၄၄၆မှတ်ထိရရှိခဲ့သည့်အတွက် မြန်မာအသင်းက မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆုကို ပထမဆုံးဆွတ်ခူးပေးနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ အမျိုးသားရိုးရာခြင်းလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် အိမ်ရှင်ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက ၅၇၄ မှတ်ရရှိခဲ့ပြီး ထိုင်းအသင်းက ရမှတ် ၅၀၁ မှတ်သာ ရရှိခဲ့သည့်အတွက် မြန်မာအသင်းက မြန်မာနိုင်ငံအတွက် ဒုတိယမြောက် ရွှေတံဆိပ်ဆွတ်ခူးပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်ပြီး ကွင်းသွင်းခြင်းလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် မြန်မာအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့သည် အိမ်ရှင်ထိုင်းအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ကွင်းသွင်းခြင်းလုံးပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတွင် မြန်မာအသင်းက ရမှတ် ၇၉၀ သာ ရရှိခဲ့ပြီး ထိုင်းအသင်းက ရမှတ် ၈၈၀ ရရှိခဲ့သည့်အတွက် ငွေတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရပြီး အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်းက ရမှတ် ၈၅၀ သာရရှိခဲ့ပြီး ထိုင်းအသင်းက ရမှတ် ၁၀၀၀ ရရှိခဲ့သည့်အတွက် ငွေတံဆိပ်သာ ရရှိခဲ့သည်။

ယနေ့ကျင်းပခဲ့သည့်အခြားအားကစားနည်းများတွင် မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များကို အမျိုးသားတစ်ဦးချင်း လှေလှော်ပြိုင်ပွဲတွင် မျိုးလှိုင်ဝင်းက ငွေတံဆိပ်ကိုလည်းကောင်း၊ အမျိုးသမီး ပီတန်းပြိုင်ပွဲတွင် ခင်ချယ်ရီသက်က ငွေတံဆိပ်ဆုကိုလည်းကောင်း၊ တိုက်ကွမ်ဒိုပြိုင်ပွဲ Mixed Poomesae ပြိုင်ပွဲတွင် မြန်မာအသင်းက ကြေးတံဆိပ်ကိုလည်းကောင်း အသီးသီးဆွတ်ခူးထားကြောင်း သိရသည်။

STA

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တာ့ခ်မင်နစ္စတန်နိုင်ငံသို့ ထွက်ခွာ



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောအား ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တာ့ခ်မင်နစ္စတန်နိုင်ငံ အက်ရှ်ဂါဘတ်မြို့၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနှင့် ယုံကြည်မှုနှစ် အထိမ်းအမှတ် နိုင်ငံတကာဖိုရမ်နှင့် တာ့ခ်မင်နစ္စတန်နိုင်ငံ၏ အမြဲတမ်းကြားနေမူဝါဒ နှစ် ၃၀ ပြည့်အထိမ်းအမှတ် အခမ်းအနားများသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(ဖြဝ)

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၅၁/၂၀၂၅**
၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)
**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ ပုဒ်မခွဲ (ခ) အရ ဦးကျော်နိုင်ဝင်းအား စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# တတိယအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီအစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသန်းထိုက်၊ ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov တို့ အစည်းအဝေးတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသန်းထိုက်နှင့် ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov တို့ အစည်းအဝေးသဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၀**

တတိယအကြိမ် မြန်မာ-ရုရှား ပူးတွဲ အကြမ်းဖက်မှုတိုက်ဖျက်ရေး ကော်မတီ အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine ဟိုတယ်၌ ဆက်လက်ကျင်းပပြုလုပ်သည်။

အဆိုပါ အစည်းအဝေးသို့ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထိုက်နှင့် ကော်မတီဝင် မြန်မာ့တပ်မတော်မှ အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov နှင့် ကော်မတီဝင် ရုရှားတပ်မတော်မှအရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာ-ရုရှား အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်နိုင်ငံမှ ကော်မတီဝင်များက ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ ပူးတွဲဥက္ကဋ္ဌများက ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားများ အသီးသီးပြောကြားခဲ့သည်။

ထို့နောက် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထိုက်နှင့် ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov တို့သည် အစည်းအဝေးသဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြပြီး အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြကာ အစည်းအဝေး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(ဖြဝ)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး ၇၇ နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် ဒီဇင်ဘာ ၁၀**

၇၇ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန-၁ ၌ ကျင်းပရာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံဆိုင်ရာ ပြည်ပသံရုံးများမှ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက အမှာစကားပြောကြားရာတွင် ယနေ့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်သည် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကိုကုလသမဂ္ဂအထွေထွေ ညီလာခံက အတည်ပြုထုတ်ပြန်ခဲ့သည့် ၇၇ နှစ်ပြည့်မြောက်သောနေ့ဖြစ်သကဲ့သို့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့လည်းဖြစ်ကြောင်း၊ ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနားများကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင်းပပြုလုပ်လေ့ရှိခြင်းကြောင့် မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း လူ့အခွင့်အရေးကို အလေးထားသည့်အနေဖြင့် ယခုအခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း။

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းတွင် အပိုဒ်ပေါင်း ၃၀ ပါရှိပြီး လူ့အခွင့်အရေးအားလုံး၏ အခြေခံများ၊ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများ၊ စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများနှင့် တာဝန်ဝတ္တရားများအကြောင်း ဖော်ပြပါရှိကြောင်း၊ ယင်းကြေညာစာတမ်းသည် လူသားအားလုံးတွင် မွေးရာပါအခွင့်အရေးများပိုင်ဆိုင်ကြောင်း ပထမဆုံးအသိအမှတ်ပြုခဲ့သည့် သမိုင်းဝင်စာတမ်းဖြစ်ပြီး ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံ UDHR ကို အတည်ပြုရန် မဲခွဲသည့်အခါ မြန်မာနိုင်ငံသည် ကြေညာစာတမ်းကို ထောက်ခံမဲပေးခဲ့သည့် နိုင်ငံ ၄၈ နိုင်ငံတွင် အပါအဝင်ဖြစ်ခဲ့ကြောင်း၊ ကုလသမဂ္ဂအထွေထွေ ညီလာခံက ယင်းကြေညာစာတမ်း အတည်ပြုခဲ့သည့် ဒီဇင်ဘာ ၁၀ ရက်ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အဖြစ် သတ်မှတ်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ပေါ်ပေါက်လာပြီးသည့်နောက် နိုင်ငံတကာက ကြေညာစာတမ်းပါအခွင့်အရေးများကိုအခြေခံပြီး ဥပဒေအရ စည်းနှောင်မှုနှင့်အတူ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် ပတ်သက်ဆက်နွှယ်သည့် သဘောတူစာချုပ်များ အသီးသီး ပေါ်ပေါက်ခဲ့ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး နိုင်ငံတကာနှင့် ပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များတွင် စာချုပ်ဝင်နိုင်ငံအဖြစ် ခေတ်အဆက်ဆက်၏ နိုင်ငံတော်အစိုးရများက ပါဝင်လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်စသည့် စာချုပ်များကို ပါဝင်ချုပ်ဆိုခဲ့ကြောင်း၊ အဆိုပါ



စာချုပ်များနှင့်ဆက်စပ်သည့် နောက်ဆက်တွဲ သဘောတူစာချုပ် တချို့ကိုလည်း ပါဝင်ချုပ်ဆိုထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် သက်ဆိုင်ရာ စာချုပ်များတွင်ပါသည့် တာဝန်ဝတ္တရားများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းဥပဒေများ ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသကဲ့သို့ အမျိုးသားအဆင့်ကော်မတီများ ဖွဲ့စည်းထားရှိပြီး နိုင်ငံအဆင့်အစီရင်ခံစာများကို စာချုပ်ကော်မတီများထံ ပုံမှန်တင်သွင်းလျက်ရှိကြောင်း။

နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ အခြေခံအခွင့်အရေးများ ရရှိခံစားနိုင်စေရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) အခန်း (၈) တွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို ထည့်သွင်းပြဋ္ဌာန်းထားပါကြောင်း၊ ထို့ကြောင့် နိုင်ငံသားများအနေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် မူလအခွင့်အရေးနှင့် လူ့အခွင့်အရေးများ ရယူနိုင်သကဲ့သို့ လိုက်နာရရန် ပြဋ္ဌာန်းထားသည့် တာဝန်များကိုလည်း လိုက်နာကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံသားများ၏ မူလအခြေခံအခွင့်အရေးများကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ၂၀၁၁ ခုနှစ်တွင် စတင်ဖွဲ့စည်းပေးခဲ့ကြောင်း။

ထိုသို့ ဖွဲ့စည်းပေးခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေကို ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းပေးခဲ့ပြီး ကော်မရှင်ဥပဒေပါ လုပ်ငန်းတာဝန်များထဲတွင် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်သည့် တိုင်ကြားချက်များအပေါ် စုံစမ်းစစ်ဆေးခြင်း၊ လူ့အခွင့်အရေး အသိပညာပေးခြင်း၊ လူ့အခွင့်အရေးဆိုင်ရာ အကြံပြုတိုက်တွန်းချက်များ ပေးခြင်းတို့ပါဝင်နေသည်ကို တွေ့ရှိရကြောင်း၊ ၂၀၁၁ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည့် ကော်မရှင်သက်တမ်းသည် ယခုဆိုလျှင် ၁၄ နှစ်ကျော်ခဲ့ပြီဖြစ်ပြီး နိုင်ငံသားများ၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆောင်ရွက်မှုများသည်လည်း အတိုင်းအတာတစ်ခုထိ ခရီးရောက်ခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံအတွင်းနေထိုင်ကြသည့် နိုင်ငံသူ၊ နိုင်ငံသားများ၏ လူ့အခွင့်အရေးကို မြှင့်တင်ကာကွယ်ပေးရန် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းတည်ထောင်ပေးထားခြင်းသည် နိုင်ငံတော်က လူ့အခွင့်အရေးကို အလေးထားကြောင်းပြသသည့် သက်သေသာဓကတစ်ခုလည်းဖြစ်ကြောင်း။

လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း၌ လူ့အခွင့်အရေးကို လေးစားလိုက်နာကျင့်သုံးခြင်းဖြင့် အဆိုပါလူ့အဖွဲ့အစည်း၏ တည်ငြိမ်အေးချမ်းရေးကို များစွာ အထောက်အကူပြုမည် ဖြစ်သကဲ့သို့ တည်ငြိမ်အေးချမ်းမှုရှိမှသာ တရားဥပဒေစိုးမိုးရေးအားကောင်းမည် ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံသားများအားလုံး အေးချမ်းပျော်ရွှင်စွာနေထိုင် လုပ်ကိုင်နိုင်ကြပြီး လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ်စိတ်နှလုံးချမ်းမြေ့စွာဖြင့် လုပ်ကိုင်စားသောက်နေထိုင်နိုင်ရေး၊ ဆင်းရဲချမ်းသာကွာဟမှု လျော့ချနိုင်ရေးတို့အတွက် နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ပြည်သူလူထု၏ စစ်မှန်သည့် လိုလားချက်ဖြစ်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို အခြေခံသော ပြည်ထောင်စုကြီး ဖြစ်ပေါ်လာစေရေးအတွက် စည်းစနစ်ကျနမှုရှိပြီး၊ လွတ်လပ်ပြီး တရားမျှတမှုအပြည့်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်တွင် အထွေထွေရွေးကောက်ပွဲသည် အသက်ဖြစ်ပြီး အလွန်အရေးကြီးသည့်အတွက် ရွေးကောက်ပွဲ အထမြောက်ရန်နှင့် ဥပဒေနှင့်ညီညွတ်ရန် အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသား ပြည်သူအားလုံးကလည်း သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်စေရေးနှင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် အခိုင်အမာရောက်ရှိစေရေးတို့အတွက် အားလုံးက ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်တစ်ခုတည်ဆောက်ရာတွင် ပြည်သူလူထုသည် အကြီးမားဆုံး အင်အားဖြစ်သည်နှင့်အညီ တည်ငြိမ်အေးချမ်းသည့် လူ့အဖွဲ့အစည်းဖြစ်စေရေးနှင့် တရားမျှတသည့် ရွေးကောက်ပွဲများဖြစ်စေရေး ပြည်သူလူထုက တက်ကြွစွာပါဝင်ရန်၊ အချင်းချင်း လေးစားမှုရှိရန်နှင့် တာဝန်ယူမှုများရှိရန် လိုအပ်ကြောင်း။

ဆန္ဒမဲပေးခြင်း၊ မပေးခြင်းသည် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဖြစ်သကဲ့သို့ ဆန္ဒမဲပေးရန် နိုင်ငံသားတစ်ဦး၏ တာဝန်ဖြစ်ကြောင်း၊ နိုင်ငံသားများအနေဖြင့် မိမိတို့ အခွင့်အရေးကို အပြည့်အဝ အသုံးချပြီး

**စာမျက်နှာ ၂၂ သို့**

# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၀**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိရာ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြသည်။





ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း လုပ်ငန်းများအချိန်မီပြီးစီးရေး၊ ဆောင်ရွက်ပြီးစီးခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်နိုင်ရေး စည်းရုံးဆောင်ရွက်သွားကြရန်မှာကြားပြီး ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ကာ ရုံးဝင်းအတွင်း ဆောင်ရွက်ထားရှိသည့် ကျောက်စီမြေထိန်းနံရံနှင့် ရာသီသီးနှံစိုက်ပျိုးရေးဆောင်ရွက်ထားရှိမှုများ၊ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ဒေသကြက်မွေးမြူထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး တိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှုလေ့ထုံးစံများကို ထိန်းသိမ်းနိုင်အောင် ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မြဲအောင်ဆောင်ရွက်နိုင်ရေးအတွက် သင်တန်းကျောင်းရှိ တာဝန်ရှိသူများက ကြိုးပမ်းသွားကြရန် မှာကြားကာ ချီးမြှင့်ငွေများပေးအပ်၍ သင်တန်းစင်တာအတွင်းဖွင့်လှစ်ထားရှိသည့် ကွန်ပျူတာအခြေခံသင်တန်းနှင့် ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်းလက်တွေ့သင်ကြားနေမှုများကိုကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အေးသာယာမြို့ရှိ စွယ်တော်ကျောင်းတိုက်ဆရာတော်များအား ဖူးမြော်ကြည်ညို၍ နယ်စပ်ရေးရာဝန်ကြီးဌာနကနှစ်စဉ် ထောက်ပံ့လှူဒါန်းလျက်ရှိသည့် ဆွမ်းဆန်တော်နှင့် ကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ပညာသင်ကြားလျက်ရှိသော နယ်စပ်ဒေသအသီးသီးမှကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်လှူဒါန်းပြီး ကျောင်းတိုက်အတွင်း လှည့်လည်ကြည့်ရှုကာ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည့်ကိစ္စရပ်များကို စီမံဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊တာဝန်ရှိသူများနှင့်အတူ ပင်းတယမြို့နယ် ကုံလုံစံကျောင်းသွားလမ်းခွဲမှ ကုံလုံစံကျောင်းသို့ ဆက်သွယ်ထားရှိသည့် ကျောက်လမ်း ၁ မိုင် ၁ ဖာလုံ ကတ္တရာ ထပ်ပိုးလွှာခင်းနေမှုကိုကြည့်ရှုစစ်ဆေးပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ တင်ပြချက်များအပေါ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ သင်တန်းကျောင်းကျောင်းအုပ်၊ ဝန်ထမ်းများ၊ နည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ၌ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဒိုတာဝန်အရေး သုံးပါးကို ဦးထိပ်ထားလျက် ထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းများ ဖြစ်ပေါ်လာစေရေး အလေးထား ပြုစုပျိုးထောင်ပေးသွားရန်၊ နိုင်ငံတော်က အခမဲ့ပညာသင်ကြားပေးသည်သာမက စားသောက်နေထိုင်ရေးကိစ္စများပါ တာဝန်ယူဆောင်ရွက်ပေးနေကြောင်း၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိရမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများကို ဗလငါးတန်နှင့်ပြည့်စုံပြီး အသိဉာဏ်၊ ဆင်ခြင်တုံတရားနှင့် အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်ရေးအတွက် ပြုစုပျိုးထောင်ပေးသွားကြရန်၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ဝေးဝေးကရှောင်ရှားကြရန် ယခုအရွယ်ကစတင်၍ ကိုယ်ခန္ဓာကျန်းမာအောင်၊ စိတ်ဓာတ်ကြံ့ခိုင်အောင် ပြုစုပျိုးထောင်ပေးကြရန် မှာကြား၍ ချီးမြှင့်ငွေများ ပေးအပ်ကာ ကျောင်းဝင်းအတွင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပင်းတယမြို့မှ အောင်ပန်းမြို့ရှိ စက်မှုလက်မှုလုပ်ငန်းပညာသင်တန်းကျောင်းသို့ ရောက်ရှိရာ သင်တန်းကျောင်းအုပ်က သင်တန်းကျောင်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး လိုအပ်သည်များ မှာကြားကာ ဝန်ထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်၍ ဘာသာရပ်အလိုက် လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**စာမျက်နှာ ၂၁ မှအဆက်**

မိမိတို့၏ တာဝန်ဝတ္တရားများကို လိုက်နာကာ နိုင်ငံ့အကျိုးကိုရှေးရှု၍ မိမိတို့၏ ဆန္ဒသဘောထားများကို ထုတ်ဖော်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မဲပေးပိုင်ခွင့်ရှိသူအားလုံးက မကြာမီ ကျင်းပပြုလုပ်တော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ဆန္ဒမဲပေးခြင်းဖြင့် နိုင်ငံသားတစ်ဦး၏ တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ လူ့အခွင့်အရေးနှင့် နိုင်ငံသားတို့၏ တာဝန်သည် ဒီမိုကရေစီအခြေခံအုပ်ချုပ်ရေးစနစ်နှင့် ကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ခု တည်ဆောက်ရေးအတွက် တစ်ခုနှင့်တစ်ခု ဆက်စပ်ပြီး ဟန်ချက်ညီရန် လိုအပ်သည့် အခြေခံအယူအဆနှစ်ရပ်ဖြစ်ကြောင်း၊

လက်ရှိနိုင်ငံတော်၏ အာဏာသုံးရပ်ကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်နေသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့်လည်း အထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူအားလုံး ဆန္ဒမဲပေးနိုင်ရေးနှင့် လွတ်လပ်မျှတစွာ မဲပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ယင်းသည် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားအခွင့်အရေးကို အလေးထား ဆောင်ရွက်ခြင်းဖြစ်ကြောင်းကို အသိပေး ပြောကြားလိုကြောင်း၊

ယခုနှစ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အတွက် ကုလသမဂ္ဂ၏ ဆောင်ပုဒ်မှာ **"Our Everyday Essentials"** ဖြစ်ကြောင်း၊ လူသားများ၏ နေ့ရက်တိုင်းတွင် လူ့အခွင့်အရေးသည် မရှိမဖြစ်၊ မပါမဖြစ် အရေးကြီးသည့် အရာဖြစ်သည်ဟု ဖော်ညွှန်းလိုခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နေ့စဉ်လူမှုဘဝ လှုပ်ရှားဆောင်ရွက်မှုတိုင်းတွင် လူ့အခွင့်အရေး အခြေခံသဘောတရားများ ပါဝင်သည့် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းစသည့် လောကပါလတရား သုံးပါး လက်ကိုင်ထား ဆောင်ရွက်ကြမည်ဆိုပါက ငြိမ်းချမ်းသာယာသည့် လူ့ဘောင်အဖွဲ့အစည်း၊ ဖွံ့ဖြိုးတိုးတက်သည့် အသိုက်အဝန်း အမှန်တကယ် ပေါ်ပေါက်လာမည် ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် တိုးပြည်သာယာဝပြောရေးတို့ကို ဦးစားပေး ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများကို မြှင့်တင်ကာကွယ်နိုင်ရန် ဥပဒေသော်မှတ်ချက်များအတိုင်း အလေးထားအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊

နိုင်ငံသားတစ်ဦးသည် အခွင့်အရေးများနှင့်အတူ လူ့အဖွဲ့အစည်းအတွင်း နေထိုင်သူတစ်ဦးအနေဖြင့် ထမ်းဆောင်ရန် တာဝန်များလည်း ရှိနေပါကြောင်း၊ ယင်းတာဝန်များသည် လူ့အဖွဲ့အစည်းကို ငြိမ်းချမ်းစွာလည်ပတ်စေရန် အခွင့်အရေးများကို အကာအကွယ်ပေးရန်နှင့် အများပြည်သူကောင်းကျိုးအတွက် ပူးပေါင်းပါဝင်ရန်ဖြစ်ကြောင်း၊ လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းရေးနှင့် စည်းမျဉ်းစည်းကမ်း တည်ဆောက်ရေးအတွက် အခြေခံအကျဆုံးသောတာဝန်သည် ဥပဒေကို လေးစားလိုက်နာခြင်းပင်ဖြစ်ကြောင်း၊ တရားမျှတပြီး တာဝန်သိသော ဆန္ဒမဲပေးခြင်း၊ လူမှုရေးလှုပ်ရှားမှုများတွင် ပါဝင်ခြင်းများသည် နိုင်ငံသားတစ်ဦးအနေဖြင့် အများပြည်သူဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိမိ၏ လွတ်လပ်ခွင့်သည် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်ကို မထိခိုက်စေရန်လည်း လိုကြောင်း၊ နိုင်ငံသားတစ်ဦး၏ တာဝန်များကို ထမ်းဆောင်ခြင်းသည် အခြားသူများ၏အခွင့်အရေးကို လေးစားခြင်းနှင့် မိမိကိုယ်တိုင်၏ အခွင့်အရေးများကို ရေရှည် တည်တံ့ခိုင်မြဲစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခု ဖြစ်ကြောင်း။

တရားဥပဒေစိုးမိုးရေးနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်သည် နိုင်ငံသားများ၏ အခွင့်အရေးများကို အာမခံချက်ပေးပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံသားတာဝန်များကို ထမ်းဆောင်ခြင်းအားဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ကို ပံ့ပိုးပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ကော်မရှင်၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး နေ့အထိမ်းအမှတ်သဝဏ်လွှာကို ဖတ်ကြား၍ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး နေ့အထိမ်းအမှတ် Video Clip ကို ပြသသည်။

ယင်းနောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးအား အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက ဂုဏ်ပြု အမှတ်တရလက်ဆောင်ကို လက်ရောက် ပေးအပ်သည်။

ဆက်လက်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "အားလုံးအတွက် လူ့အခွင့်အရေး" သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးသည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုထားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း တိုင်းရင်းသား ဘာသာပြန်စာအုပ်များ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် ရုရှားဘာသာ၊ အင်္ဂလိပ်ဘာသာ သရုပ်ဖော်ပုံစာအုပ်များ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများနှင့် ပုံနှိပ်ထုတ်ဝေဖြန့်ချီလျက်ရှိသော လူ့အခွင့်အရေးဆိုင်ရာ စာအုပ်စာတမ်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၅၂ / ၂၀၂၅**
၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

**အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေး ကြီးကြပ်မှုဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၁။ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုကျူးလွန်မှုများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် ပြည်ပနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် **“အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီ”**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၁) |
| ( ဂ ) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) | ဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်<br>နေပြည်တော်ကောင်စီ၊<br>တိုင်းဒေသကြီး၊ ပြည်နယ်<br>အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ( င ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်<br>ဗဟိုဘဏ် | အဖွဲ့ဝင် |
| ( စ ) | တိုင်းမှူး<br>သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်<br>ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီးနှင့်<br>ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊<br>ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဍ ) | ဒုတိယတပ်မတော်<br>စစ်ဘက်ရေးရာ<br>လုံခြုံရေးအရာရှိချုပ် | အဖွဲ့ဝင် |
| ( ဎ ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဏ) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၁) |
| (တ) | ဒုတိယရဲချုပ် ( ၂ )<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၂) |

၂။ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ အမြစ်ပြတ်တိုက်ဖျက်ရေးအတွက် မူဝါဒများ ချမှတ်ခြင်း၊

( ခ ) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးအတွက် လိုအပ်သည့်ကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

( ဂ ) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း(SOP)များ ရေးဆွဲချမှတ်ခြင်း၊

(ဃ) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစား လုပ်ငန်းများ၌ တရားမဝင် ရောက်ရှိလုပ်ကိုင်နေသော နိုင်ငံခြားသားများနှင့်စပ်လျဉ်း၍ ပြန်လည်လွှဲပြောင်းပေးရန် သက်ဆိုင်ရာနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( င ) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## တပ်မတော်ဆေးတက္ကသိုလ်၏ ၂၆ ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ



တပ်မတော်ဆေးတက္ကသိုလ်၏ ၂၆ ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၀**

တပ်မတော်ဆေးတက္ကသိုလ်၏ ၂၆ ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်စိုးညွန့်၊ တပ်မတော်ဆေးတက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ခင်အောင်ထွန်းနှင့် တပ်မတော်ဆေးတက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

အစီအစဉ်အရ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမသို့ဝင်ရောက်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီးနောက် မြန်မာ့ဆိုင်းတူရိယာအဖွဲ့က နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကိုဖွင့်လှစ်သည်။ ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်ကျင်းပကြောင်းကြေညာပြီး ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူစေခြင်း၊ မော်ကွန်းထိန်းက ဘွဲ့ယူမည့်သူများကို ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က ဆေးပညာဘွဲ့နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရရှိသူတို့ကို ဘွဲ့လက်မှတ်များချီးမြှင့်အပ်နှင်းသည်။ ထို့နောက် ပါမောက္ခချုပ်က ဘွဲ့ရသူများအား ဘွဲ့များနှင့်လျော်ညီသော အဆောင်အယောင်အမှတ်လက္ခဏာဖြစ်သည့်ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင် မိန့်ခွန်းပြောကြားပြီးနောက် အခမ်းအနားကို ရုပ်သိမ်းကြောင်းကြေညာကာ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းများရရှိသည့် ပညာရည်ထူးချွန်ဆုအဆင့်များ၊ ဂုဏ်ထူးများသည် တပ်မတော်ဆေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့်သာ စစ်ဆေးခြင်းမဟုတ်ဘဲ ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ဆေးတက္ကသိုလ်(မန္တလေး)၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ဆေးတက္ကသိုလ်(မကွေး)၊ ဆေးတက္ကသိုလ်(တောင်ကြီး) စသည့် တစ်နိုင်ငံလုံးရှိ ဆေးတက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် စာစစ်ပုဂ္ဂိုလ်များ၏ စစ်ဆေးချက်များနှင့်အညီ ချီးမြှင့်ခြင်းဖြစ်ကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်၏ သင်ရိုးညွှန်းတမ်းများကိုလည်း အခြားသောဆေးတက္ကသိုလ်များနှင့် ညှိနှိုင်းရေးဆွဲထားရှိပြီး ဆေးပညာသင်ကြားရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းအရ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ အထူးအောင်သတ်မှတ်ခြင်းနှင့် ဂုဏ်ထူးပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “KAY THWE” Facebook အကောင့်နှင့်“စပ်စုစိန်” TikTok အကောင့် ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဗိုလ်ကုန်းရပ်ကွက်နေ ကေသွယ်ဝင်း(ခ)စပ်စုစိန်အား ညနေ ၅ နာရီခွဲတွင်လည်းကောင်း၊ “Zaw Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ရွာသစ်ကုန်းကျေးရွာနေ ဇော်ဝင်းထွန်း(ခ)ဇော်ဝင်းအား နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

မြန်မာ့သမဝါယမစတင်ခြင်း ၁၂၁ နှစ်မြောက် နှစ်ပတ်လည်နေ့

အထိမ်းအမှတ်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်

"လူမှုစီးပွားဘဝမြင့်တင်ဖို့ သမဝါယမကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်စို့"

(၂၄)ကြိမ်မြောက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ နှင့်

မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ (၁၅၊ ၁၆၊ ၁၇) နေပြည်တော်

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၅)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦး၊ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး၊ တာဝန်ရှိသူများနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက မူးယစ်ဆေးဝါးပြဿနာသည် လူသားမျိုးနွယ်စုတစ်ရပ်လုံးကို ခြိမ်းခြောက်အန္တရာယ်ပြုနေသည့် ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ရပ်ဖြစ်ကြောင်း၊ UNODC ၏ စာရင်းဇယားများအရ ၂၀၂၃ ခုနှစ်တွင် တစ်ကမ္ဘာလုံး၌ မူးယစ်ဆေးဝါးသုံးစွဲသူဦးရေ ၃၁၆ သန်းခန့်ရှိကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင် ရောင်းဝယ်မှုများသည် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှု စသည့် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ဆက်နွယ်လျက်ရှိပြီး နိုင်ငံတော်၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်စေလျက်ရှိကြောင်း။

မြန်မာနိုင်ငံအတွင်း အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် ဖြစ်ပေါ်နေသောအခြေအနေအပေါ် အခွင့်ကောင်းယူပြီး ၎င်းတို့၏ ဝင်ငွေရလမ်းဖြစ်သော မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများကို တိုးမြှင့်လုပ်ဆောင်နေကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် မူးယစ်ဆေးဝါးထုတ်လုပ်ရာ၌ အသုံးပြုသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို အခြားနိုင်ငံများမှ နည်းလမ်းမျိုးစုံဖြင့် မြန်မာနိုင်ငံအတွင်းသို့ ချိတ်ဆက်သယ်ဆောင်ပြီး မူးယစ်ဆေးဝါးများကို ၎င်းတို့နယ်မြေအတွင်း ထုတ်လုပ်လျက်ရှိကြောင်း။

ဘိန်းခင်းဖျက်ဆီးမှုကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဆက်စပ်ဦးစီးဌာနများပူးပေါင်းပြီး နယ်မြေခံပြည်သူ့စစ်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ နှစ်စဉ်ဖျက်ဆီးလျက်ရှိရာ ယခုနှစ်တွင်လည်း ယခင်ကထက် တိုးမြှင့်ဖျက်ဆီးနိုင်ရန် အင်တိုက်အားတိုက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးအတွက် အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးနှင့် ဆီဆိုင်မြို့နယ်(မဲနယ်တောင်တန်းနှင့် ပွန်ချောင်းကြားဒေသ)တွင် ကျေးရွာ ၆၅ ရွာ၊ ထိုင်းနိုင်ငံ ONCB နှင့် ပူးပေါင်း၍ မယ့်ဖားလုံဖောင်ဒေးရှင်းမှ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသနောင်တရားဒေသတွင် ကျေးရွာ ၉၉ ရွာ၊ UNODC နှင့် ပူးပေါင်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံး၊လွိုင်လင်နှင့်တောင်ကြီးမြို့နယ်တို့တွင် ကျေးရွာ ၇၅ ရွာတို့၌ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

လက်ရှိကာလတွင် လူငယ်များအတွင်း စီးကရက်၊ E စီးကရက်နှင့် Vape အသုံးပြုမှုများ တွင်တွင်ကျယ်ကျယ်အသုံးပြုလာကြောင်း၊ Vape တွင် အသုံးပြုသည့် Etomidate သည် ကက်တမင်းနှင့် အကျိုးသက်ရောက်မှုအတူတူဖြစ်ပြီး အခြားမူးယစ်ဆေးဝါးများလည်း ရောနှောအသုံးပြုနိုင်၍ အချို့နိုင်ငံများတွင် Vape နှင့် Etomidate သုံးစွဲမှုများကို ကန့်သတ်ထိန်းချုပ်မှုများပြုလုပ်နေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကန့်သတ်ထိန်းချုပ်နိုင်ရေး ကျန်းမာရေးဝန်ကြီးဌာနနှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့ ညှိနှိုင်းပေါင်းစပ်ပြီး စိစစ်သုံးသပ်ရန် လိုအပ်မည်ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများထုတ်လုပ်မှု၊ တရားမဝင်ရောင်းဝယ်ဖောက်ကားမှုနှင့် အလွဲသုံးမှုများကို ပိုမိုထိန်းချုပ်နိုင်ရေးအတွက် စိစစ်ကြပ်မတ်ရာတွင် ထိန်းချုပ်ဓာတုပစ္စည်းနှင့် ထိန်းချုပ်ထားခြင်းမရှိသည့် အခြားဓာတုပစ္စည်းများ၊ မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာတွင် အစားထိုးအသုံးပြုနိုင်သောဓာတုပစ္စည်းမျိုးကွဲများ၊ကြားခံဓာတုပစ္စည်းများကို ပြဋ္ဌာန်းဥပဒေများမှ ရှောင်လွှဲပြီး နည်းလမ်းမျိုးစုံအသုံးပြုကာ ချက်လုပ်လာသည့်အတွက် သေချာစွာစိစစ်ကြပ်မတ်ရန်လိုကြောင်း၊ ဓာတုပစ္စည်းများ လမ်းလွဲရောက်ရှိမှုမှ မူးယစ်ဆေးဝါးထုတ်လုပ်သူများထံသို့ မရောက်ရှိစေရေးအတွက် ဓာတုပစ္စည်းတင်သွင်းမှုကို ယခုထက်ပိုမိုပြီး စနစ်တကျထိန်းချုပ်ဆောင်ရွက်နိုင်မည့် ဆိပ်ကမ်းတစ်ခုတည်းမှသာ ဝင်ထွက်ခွင့်ပြုသည့် စနစ်တစ်ခု (Single Port Entry)ထူထောင်ရန် လိုအပ်သည်ကို သုံးသပ်တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ရန်ကုန်မြို့အခြေစိုက် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် UNODC၊ AFP၊ DEA၊ NNCC၊ ONCB တို့နှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြိုးပမ်းဆောင်ရွက်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်စပ်လျဉ်း၍လည်းကောင်း၊ တက်ရောက်လာသူများက မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ထူးခြားသည့် ညအပူချိန်များ (၁၀-၁၂-၂၀၂၅)**

| | | | | |
|---|---|---|---|---|
| ဟားခါး | သုည | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| လားရှိုး | ၈ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မင်းကင်း | ၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၈ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မိုးညှင်း | ၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟုမ္မလင်း | ၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |

**၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၈၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်၊ မဲပေးစက်(MEVM)များ အင်စတို(စ်)လေးရှင်းပြုလုပ်နေမှုကို ကြည့်ရှုအားပေး



မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး မဲပေးစက်(MEVM) များ အင်စတို(စ်)လေးရှင်းပြုလုပ်နေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများတက်ရောက်ကြပြီး ခရိုင်၊မြို့နယ် အဆင့် ဌာနဆိုင်ရာများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အဖွင့်အမှာစကားပြောကြားကြသည်။ ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို Powerpoint ဖြင့် ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံသူ၊ နိုင်ငံသားအာလုံး ပါဝင်မဲပေးနိုင်ရေးအတွက် အောင်မြေသာစံ မြို့နယ် ၁၉ လမ်းနှင့် ၆၆ လမ်းထောင့်၊ ၂၆ လမ်းနှင့် ၆၆ လမ်းထောင့်၊ ချမ်းအေးသာစံ မြို့နယ်ရှိ မြို့တော်ခန်းမ၊ မန္တလေး ဈေးချိုတော်နှင့် ဆေးတက္ကသိုလ်(မန္တလေး) တို့တွင် ရွေးကောက်ပွဲ နှိုးဆော်အသိပညာပေးဆိုင်ရာ လက်ကမ်းစာစောင် ကန့်ပိန်း ပြုလုပ်၍ လမ်းသွားလမ်းလာ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများကို "ဒို့အတူမဲပေးကြမည်"၊ "ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့" သတင်းစကားပါ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အလားတူ တောင်ကြီးမြို့နယ်တွင် မဲရုံပေါင်း ၁၉၀ လွှတ်တော် သုံးရပ်နှင့် တိုင်းရင်းသားလူမျိုး လေးမျိုးတို့အတွက် MEVM မဲပေးစက် ၁၄၁၈ လုံး အသုံးပြုမည်ဖြစ်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ဆိုင်ရာ နည်းပညာ အထောက်အကူပြု အဖွဲ့ဖြစ်သည့် တောင်ကြီးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ တောင်ကြီးနည်းပညာတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ခရိုင်၊ မြို့နယ်၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက အဆိုပါ မဲပေးစက်(MEVM)များအား အင်စတို(စ်)လေးရှင်း ပြုလုပ်နေမှုများကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၀**

တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူ ဘိုကလေးမြို့နယ်သို့ ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့တွင် ဘိုကလေးမြို့နယ် မြင်းကကုန်း ကျေးရွာရှိ တိုက်နယ်ဆေးရုံ၌အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာရောဂါ ၁၉၈ ဦး၊ ခွဲစိတ်ရောဂါ ၂၃ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၇ ဦး၊ ကလေးရောဂါ ၂၁ ဦး၊ အရိုးရောဂါ ဦးရေ ၁၄၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၂ ဦး၊ မျက်စိရောဂါ ၁၆၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၁ ဦး စုစုပေါင်းဒေသခံပြည်သူ ၆၅၇ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ငါးဦး၊ မျက်စိခွဲစိတ်လူနာ လေးဦး၊ သွားနုတ်၊သွားဖာလူနာ ၂၆ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၂၆ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

အဆိုပါ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ရောဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် ရောက်ရှိနေခြင်းဖြစ်ပြီး ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည်-

"ကျွန်မနာမည်က ဇင်ဖြူဖြူထက်ပါ။ သဲအိမ်ကျောင်းစု ပတုတ်ကျေးရွာက လာပြီးတော့ သွားဖုံးကသွေးထွက်နေလို့ လာပြီးပြတာပါ။ သွားဆရာဝန်ပါတယ်။ နား၊ နှာခေါင်း၊ လည်ချောင်းဆရာဝန်ပါတယ်။ အရိုးအကြောဆရာဝန်ပါတယ်။ ဓာတ်မှန်ဆရာဝန်ပါတယ်။ ပြီးတော့ သားဖွားမီးယပ် ဆရာဝန်ပါတယ်။ အထွေထွေရောဂါကု ဆရာဝန်ကြီးတွေ



အကုန်လုံးပါပါတယ်။ ဒီလိုပါရဂူကြီးတွေနဲ့ ပြရတာ တော်တော်အကျိုးကျေးဇူးရှိပါတယ်။ အခုလဲအပြင်မှာဆို သွားမပြဖြစ်ဘူး။ ဒီလိုမျိုး အခုလို လှည့်ပြီးတော့ကုပေးတော့ တော်တော်များများ အကုန်လုံး ရွာကဆိုရင်လဲ အများကြီးပဲလာပြီးပြဖြစ်တယ်။ အခုလိုမျိုးလာပြီးတော့ စေတနာနဲ့ ကုပေးတဲ့အတွက် ဆရာကြီးတွေ၊ ဆရာဝန်ကြီးတွေအကုန်လုံး ပါရဂူကြီးတွေအကုန်လုံးကို ကျေးဇူးတင်ပါတယ်။ အခုလိုနောက်တစ်ခါလဲ ဒီလိုမျိုးလာပြီးတော့ ကုသပေးစေချင်ပါတယ်"ဟု ပြောသည်။

"ကျွန်မနာမည် ဒေါ်မော်မော်နိုင်ပါ။ နား၊ နှာခေါင်း၊ လည်ချောင်း လာပြတာပါ။ အချိန်လဲအကုန်သက်သာတယ်။ လမ်းခရီးသွားရလာရတာလဲ နီးနီးနားနားနဲ့ လာပြလို့ရတယ်။ အခကြေးငွေလဲမရှိပါဘူး။ နောက်တစ်ခေါက်လဲ လာပြပါအုံးလို့ ကြိုဆိုပါတယ်။ ဖိတ်ခေါ်ပါတယ်။ အခုလို တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့တွေကို လာရောက်ကုသပေးဖို့ စီစဉ်ပေး



တဲ့ လူကြီးမင်းတွေအားလုံး၊ တာဝန်ရှိတဲ့လူတွေ၊ ပုဂ္ဂိုလ်တွေအားလုံး၊ဆရာ၊ ဆရာမတွေအားလုံးလဲ အထူးပဲကျေးဇူးတင်ရှိပါတယ်။ နောက်အခေါက်လဲ လာကုသပေးပါအုံးလို့ ကြိုဆိုပါတယ်။ မေတ္တာရပ်ခံပါတယ်"ဟု ပြောသည်။

(၅၀၁)

# တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ မြို့အသီးသီး၌ ပြည်သူလူထု စိတ်အေးချမ်းသာစွာ ပုံမှန်အတိုင်းသွားလာလှုပ်ရှားလျက်ရှိ








တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ မြို့အသီးသီး၌ ပြည်သူလူထုစိတ်အေးချမ်းသာစွာ ပုံမှန်အတိုင်းသွားလာလှုပ်ရှားလျက်ရှိစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၀**

အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG၊ CRPHနှင့် PDFအမည်ခံအကြမ်းဖက်သမားများသည် ၎င်းတို့၏နိုင်ငံရေးလိုလားချက်ပြည့်ဝစေရန်အတွက် အေးချမ်းစွာနေထိုင်လျက်ရှိသည့်ပြည်သူလူထုကိုအကြမ်းဖက်တိုက်ခိုက်၊ သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပြီး ပြည်သူလူထု အကြောက်တရားလွှမ်းမိုးစေရန်အတွက် Social Media အပါအဝင် နည်းလမ်းပေါင်းစုံသုံး၍ လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ခြင်းမရှိစေရေး၊ ပြည်သူများ စိတ်အေးချမ်းသာစွာသွားလာလှုပ်ရှားဆောင်ရွက်နိုင်မှုမရှိစေရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝပျက်စီးစေရေးအတွက် ဒီဇင်ဘာ ၁၀ ရက်ယနေ့တွင်ကျရောက်သည့်အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ကို အကြောင်းပြ၍ Silent Strike ခေါ် လှုပ်ရှားမှုကို ပြုလုပ်ကြရန် လူမှုကွန်ရက်မှတစ်ဆင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်ဖိအားပေးလုပ်ဆောင်ခဲ့ကြသည်။

ထိုသို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် တာဝန်ရှိအဖွဲ့အစည်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ကြပ်မတ်ဆောင်ရွက်ပေးခဲ့သည့်အတွက် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ကျောင်းကန်များ၊ ဘာသာရေးဆိုင်ရာ နေရာများ၌ သက်ဆိုင်ရာဘာသာဝင်များက လာရောက်၍ စိတ်အေးချမ်းသာစွာဝတ်ပြုဆုတောင်းမှုများဆောင်ရွက်လျက်ရှိကြသည်။ ထို့ပြင် ဈေးများ၊ဘဏ်များ၊ဆေးရုံများ၊လေကြောင်းခရီးစဉ်များ၊မီးရထားခရီးစဉ်များ၊ရေကြောင်းခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများကို တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်းဖွင့်လှစ်ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဘိန်းခင်းများကို ပူးပေါင်းအဖွဲ့များဖြင့် ဖျက်ဆီးရှင်းလင်း

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ကုလသမဂ္ဂ အပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိသည့်အပြင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဘိန်းခင်းများဖျက်ဆီးမှုကိုလည်း ဆောင်ရွက်လျက်ရှိသည်။




လွိုင်လင်မြို့နယ်အတွင်းရှိ အမြင့် သုံးပေခန့် သီးပွင့်ဆဲ ဘိန်းခင်း ဧက ၃၀ ကို မဖျက်ဆီးမီနှင့် ဖျက်ဆီးပြီးစီးမှုမှတ်တမ်းဓာတ်ပုံ။




လွိုင်လင်မြို့နယ်အတွင်းရှိ အမြင့် သုံးပေခွဲခန့် သီးပွင့်ဆဲ ဘိန်းခင်း ၂၅ ဧက ကို မဖျက်ဆီးမီနှင့် ဖျက်ဆီးပြီးစီးမှုမှတ်တမ်းဓာတ်ပုံ။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့ အပါအဝင် ဆက်စပ်ဦးစီးဌာနများပါဝင်သော ပူးပေါင်းအဖွဲ့များ၊ နယ်မြေခံပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၉ ရက်နှင့်ယနေ့တို့တွင်လည်း ရှမ်းပြည်နယ် (တောင်ပိုင်း)လွိုင်လင်မြို့နယ် ဆင်ခြေဖုံးကျေးရွာအုပ်စု လုံအောင်ကျေးရွာ၏ အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာရှိ အမြင့် နှစ်ပေခွဲ သီးပွင့်ဆဲ ဘိန်းခင်း ၃၅ ဧကကိုလည်းကောင်း၊ စံဖူးကျေးရွာ၏ အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာရှိ အမြင့် သုံးပေခွဲ သီးပွင့်ဆဲ ဘိန်းခင်း ၂၅ ဧကကိုလည်းကောင်း၊ တောင်နောက်ကျေးရွာအုပ်စု တောင်နောက်ကျေးရွာ၏ အနောက် တောင်ဘက် သုံးမိုင်ခန့်အကွာရှိ အမြင့် သုံးပေ သီးပွင့်ဆဲ ဘိန်းခင်းဧက ၃၀ နှင့် ကျေးရွာ၏ အနောက်ဘက် သုံးမိုင် လေးဖာလုံခန့်အကွာရှိ အမြင့် သုံးပေ သီးပွင့်ဆဲ ဘိန်းခင်း ၂၅ ဧကကိုလည်းကောင်း စုစုပေါင်းဘိန်းခင်း ၁၁၅ ဧကတို့ကို သွားရောက်ဖျက်ဆီးခဲ့ကြောင်းနှင့် ဘိန်းခင်းဖျက်ဆီးမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# လသာမြို့နယ် မဟာဗန္ဓုလလမ်းရှိ "ရွှေဇင်" အာမခံရွှေဆိုင်မှ ရွှေထည်ပစ္စည်းများနှင့် ငွေကျပ်သိန်း ၁၀၃၀ အား သေနတ်ဖြင့်ခြိမ်းခြောက်၍ လုယက်ယူဆောင်ခဲ့သူများနှင့် ပူးပေါင်းပါဝင်သူတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ




ပြန်လည်သိမ်းဆည်းရမိသက်သေခံပစ္စည်းများ၊ လက်လုပ်သေနတ်တို့၏ မှတ်တမ်းဓာတ်ပုံ။



လုယက်မှုကျူးလွန်သူ တရားခံ (ဝဲမှယာ) အောင်ဇင်ကို၊ စိုးကို



လုယက်မှုဖြစ်စဉ်၌ ပါဝင်ခဲ့သည့် တရားခံများ(ဝဲမှယာ) သင်းမိုးကြူ၊ အောင်ဇင်ကို၊ စိုးကို၊ သန်းထွန်း

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၃)ရပ်ကွက် မဟာဗန္ဓုလလမ်းရှိ "ရွှေဇင်" အာမခံရွှေဆိုင်မှ ရွှေထည်ပစ္စည်းများနှင့်ငွေကျပ်သိန်း ၁၀၃၀ အား ဒီဇင်ဘာ ၅ ရက်က သေနတ်ဖြင့်ခြိမ်းခြောက်၍ လုယက်ယူဆောင်ခဲ့သူများနှင့် ပူးပေါင်းပါဝင်သူတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီ ၁၀ မိနစ်တွင် လှိုင်မြို့နယ် အမှတ်(၁၄) ရပ်ကွက် မြကန်သာအိမ်ရာနေ ဦးစိုးငွေး ၆၀ နှစ်သည် "ရွှေဇင်"အာမခံရွှေဆိုင်၌ ရောင်းချမည့် ရွှေထည်ပစ္စည်းများနှင့် ငွေကျပ်သိန်း ၁၀၃၀ တို့ကို BGO-27 4S-4805 Faw TOYOTA BZ4X အဖြူရောင် ယာဉ်ဖြင့် သယ်ဆောင်လာပြီး ရွှေဆိုင်ရှေ့ အရောက်၌ ကားပေါ်မှ ဆိုင်အတွင်း ရွှေ့ပြောင်းရန်ပြုလုပ်နေစဉ် အမျိုးသား နှစ်ဦး(စိစစ်ဆဲ)က ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး ဦးစိုးငွေးနှင့် ဆိုင်ဝန်ထမ်းများကို သေနတ်ဖြင့်ခြိမ်းခြောက်ကာ ယာဉ်ပေါ်တင်ဆောင်လာသည့် ရွှေထည်ပစ္စည်းမျိုးစုံ ၃၉၁ ခု (ကာလတန်ဖိုး သိန်း ၄၂၅၀)ခန့်နှင့် ငွေကျပ်သိန်း ၁၀၃၀ တို့ကို လုယက်ယူဆောင်သွားခဲ့ခြင်း ဖြစ်သဖြင့် ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လသာမြို့မရဲစခန်းက (ပ)အမှတ် ၅၂/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့် အမှုဖွင့်ဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ စုံစမ်းထောက်လှမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ ယင်းနေ့ ညနေ ၄ နာရီ ၅ မိနစ်တွင် တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ ပြစ်မှုကျူးလွန်သူများ ပြစ်မှုကျူးလွန်ပြီးနောက် ထွက်ပြေးတိမ်းရှောင်စဉ် ရန်ကုန်ဆေးရုံကြီးဝင်းတွင် လျှပ်စစ်ရုံးဟောင်း အဆောက်အအုံဘေး၌ ကျန်ခဲ့သည့် ခရီးဆောင်အိတ် တစ်လုံးအတွင်းမှ ရွှေသားဆွဲသီးမျိုးစုံ ၅၃ ခု၊ ကျောက်ပါရွှေဆွဲသီး ၂၆ ခု၊ ရွှေသားလက်စွပ် လေးကွင်း၊ ကျောက်ပါရွှေလက်စွပ် လေးကွင်း၊ ကျောက်ပါရွှေနားကပ် နှစ်ရန်၊ အလေးချိန် ၁၁ ကျပ် ၇ ပဲ ၇ ရွေး (ကာလတန်ဖိုးငွေကျပ်သိန်း၁၀၀၀)ခန့် ထည့်ထားသည့် အနီရောင်ကတ္တီပါဘူးအကြီး နှစ်ခု၊ အရိုးအသွား ကိုးလက်မခန့်ရှိ ဓားဦးချွန် ဓားမြှောင် တစ်ချောင်း၊ အကျီလက်ရှည် သုံးထည်၊ ဘောင်းဘီအရှည် နှစ်ထည်၊ ဦးထုပ် နှစ်လုံးတို့ကို သိမ်းဆည်းရရှိခဲ့ကြောင်း၊ ထို့အတူ ဒီဇင်ဘာ ၆ ရက် ညနေ ၄ နာရီခွဲတွင် ပြစ်မှုကျူးလွန်သူများအသုံးပြုခဲ့သည့် ဆိုင်ကယ် တစ်စီးနှင့် ရွှေထည်ပစ္စည်းများထည့်သည့် အနီရောင်ကတ္တီပါဘူးခွံ သုံးခုတို့ကို ထပ်မံသိမ်းဆည်းရရှိခဲ့သည်။

ဆက်လက်၍ ရဲတပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူများကို အမြန်ဆုံး ဖမ်းဆီးရရှိနိုင်ရေးဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူများဖြစ်သည့် သာကေတမြို့နယ် အမှတ်(၈)ရပ်ကွက် ရွှေအုတ်ဂူလမ်းနှင့် နိဂြောဓလမ်းထောင့်ရှိ "အောင်ဘရားသား" လက်ဖက်ရည်ဆိုင်ပိုင်ရှင် အောင်ဇင်ကို ၃၀ နှစ်နှင့် လက်ဖက်ရည်အဖျော်ဆရာစိုးကို ၂၉ နှစ်တို့ကို ဒီဇင်ဘာ ၉ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် အဆိုပါလက်ဖက်ရည်ဆိုင်၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၎င်းတို့သည် အခင်းဖြစ်နေ့က "ရွှေဇင်"အာမခံရွှေဆိုင်သို့ ရွှေထည်ပစ္စည်းများလာရောက်ပို့ဆောင်သည့် မော်တော်ယာဉ်ပေါ်မှ ရွှေထည်ပစ္စည်းများနှင့် ငွေများကို သေနတ်ဖြင့်ခြိမ်းခြောက်၍ လုယက်ယူဆောင်ခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်ပြီးနောက် အောင်ဇင်ကိုက စိုးကိုအား ငွေ ၁၀ သိန်းကျပ်ပေးခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်စဉ်အသုံးပြုခဲ့သည့် သေနတ်၊ ရွှေထည်ပစ္စည်းအချို့နှင့် ငွေစက္ကူအချို့တို့ကို အောင်ဇင်ကိုက ၎င်း၏ ယောက္ခမဖြစ်သူ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၃၂)ရပ်ကွက် ရတနာ(၂)လမ်း အမှတ်(၂၇၆)နေ ဦးသန်းထွန်း ၅၇ နှစ်၏ နေအိမ်၌လည်းကောင်း၊ငွေကျပ်သိန်း ၂၇၀ ကို အောင်ဇင်ကို၏ဇနီး မသင်းမိုးကြူ ၃၀ နှစ်ထံတွင်လည်းကောင်း အပ်နှံသိမ်းဆည်းထားကြောင်း ဖော်ထုတ်သိရှိရသဖြင့် ပြန်လည်သိမ်းဆည်းနိုင်ရေးဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၉ ရက် ညနေပိုင်းတွင် ဦးသန်းထွန်းအား ၎င်း၏နေအိမ်အပေါ်ထပ်မျက်နှာကြက်အတွင်း သိမ်းဆည်းထားသည့် လက်လုပ်ပစ္စတို သေနတ် တစ်လက်နှင့် ၎င်းကျည် ငါးတောင့် ထည့်ထားသော ဘေးလွယ်အိတ် တစ်လုံး၊ လက်စွပ်မျိုးစုံ ၁၈၀ ကွင်း၊ နားကပ်မျိုးစုံ ၅၈ ရန်တို့ ထည့်ထားသည့် ကျောပိုးအိတ် တစ်လုံး၊ ငွေကျပ်သိန်း ၁၅၀ ထည့်ထားသည့် ကြွပ်ကြွပ်အိတ် တစ်လုံးတို့ဖြင့်လည်းကောင်း၊ မသင်းမိုးကြူအား ၎င်း၏နေအိမ်မှ ငွေကျပ်သိန်း ၂၇၀ ဖြင့်လည်းကောင်း အသီးသီးထပ်မံ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှ လုယက်မှုကျူးလွန်ခဲ့ပြီး ဖမ်းဆီးရမိသည့် တရားခံ အောင်ဇင်ကို၊ စိုးကိုနှင့် လုယက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့်ပစ္စည်းများအား လက်ခံထားရှိခဲ့သူများဖြစ်သည့် သန်းထွန်း၊ သင်းမိုးကြူတို့ကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးနှင့် သိမ်းဆည်းရန်ကျန် သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းရရှိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၀ လုံး ထပ်မံဖြိုချဖျက်ဆီး၊ မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ဆောင်ရာတွင်အသုံးပြုသည့် အဆောက်အအုံများ ထပ်မံရှင်းလင်း

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်အဆောက်အအုံ တစ်လုံး၊ သုံးထပ်အဆောက်အအုံ တစ်လုံးနှင့် နှစ်ထပ်အဆောက်အအုံ ရှစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၀ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၃၆၁ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် KK park နှင့် ရွှေကုက္ကိုလ် နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ပစ္စည်းများကို ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ အဆိုပါနယ်မြေများ၌ ဖမ်းဆီးရမိခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်း ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေမှဖမ်းဆီးထိန်းသိမ်းခဲ့သည့် ထိုင်းနိုင်ငံသား လေးဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးအပ်ခဲ့ကြောင်းနှင့် ကျန်ရှိသည့်တရားမဝင်ပြည်ပနိုင်ငံသားများကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း အဆောက်အအုံ ၁၃၂ လုံး ထပ်မံစစ်ဆေးနိုင်ခဲ့ပြီး အဆိုပါ အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် တရားမဝင်ပြည်ပနိုင်ငံသားများ တွေ့ရှိခြင်းမရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)









KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။



မြဝတီမြို့နှင့် အနီးပတ်ဝန်းကျင်ရှိ အဆောက်အအုံများကို ရှာဖွေစစ်ဆေးနေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ဂိုဒေါင်ကို ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။





ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် အသုံးအဆောင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအုတ်မြစ်ဖြစ်သော ပညာရေးကိုအားပေး

**ဉာဏ်ပညာက အဓိက**

လူတို့သည် စိတ်၏စေရာသို့ ခန္ဓာကိုယ်က လိုက်ပါဆောင်ရွက်လေ့ရှိကြသည်။ စိတ်ခံစားချက်နှင့်အတွေးအခေါ် မှန်ကန်တည့်မတ်မှုမရှိသည့်အခါ ခန္ဓာကိုယ်မှ လိုက်ပါဆောင်ရွက်မှုတို့သည်လည်း အမှန်တရားနှင့်ဝေးကွာသွားတတ်သည်။ စိတ်ခံစားချက်ဆိုသည်မှာ အကောင်းအဆိုး ဒွန်တွဲနေတတ်သည်။ အချိန်ပြည့်ကောင်းနေရန် မဖြစ်နိုင်ပေ။ မကောင်းသည့်အတွေး၊ မကောင်းသည့်ခံစားချက်များကို ဦးနှောက်က ထိန်းကျောင်းတည့်မတ်ပေးရသည်။ ဦးနှောက်က မှန်ကန်မျှတစွာဖြင့် ဆုံးဖြတ်ပေးနိုင်ရေးအတွက် ဉာဏ်ပညာစွမ်းအား မြင့်မားရန်လိုသည်။ ဉာဏ်ပညာစွမ်းအားမြင့်မားသူတို့၏ အတွေးအခေါ်နှင့်ဆုံးဖြတ်ချက်များသည် လူမှုပတ်ဝန်းကျင်အကျိုးကို သယ်ပိုးစေလိမ့်မည်သာဖြစ်သည်။

ပညာဉာဏ်စွမ်းအားနည်းပါး၍ အတွေးအခေါ်မှန်ကန်တည့်မတ်မှုမရှိလျှင် လုပ်ရပ်များသည်လည်း မိမိအပါအဝင် လူမှုပတ်ဝန်းကျင်တစ်ခုလုံး ဆိုးကျိုးကိုဖြစ်စေသည်။ စိန်ခေါ်မှုများကို မြတ်နိုးတတ်ပြီး သွက်လက်တက်ကြွသည့်ဘဝကို ပိုင်ဆိုင်ထားကြသည့်လူငယ်များသည် အရာရာတွင် မြန်မြန်ဆန်ဆန်လုပ်ကိုင်ဆောင်ရွက်လိုကြသည်။ တစ်စုံတစ်ခုကိုမပြုလုပ်မီ စဉ်းစားတွေးခေါ်တတ်သည့်လူငယ်များက အမှားများကို ရှောင်ရှားနိုင်ကြသည်။ ရုတ်တရက်ဖြစ်ပေါ်လာသည့် ဒေါသ၊ မောဟတို့ကို ထိန်းချုပ်နိုင်မှုမရှိသည့်အခါတွင် လုပ်ရပ်များက တိမ်းစောင်းသွားတတ်သည်။ လူငယ်များသည် နိုင်ငံတော်၏အနာဂတ်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် ပညာဉာဏ်ပြည့်ဝသည့်လူငယ်များဖြင့် နိုင်ငံ့အနာဂတ်ကို မောင်းနှင်နိုင်ရေးအတွက် အမျိုးသားပညာရည်မြင့်မားရေးကိစ္စများကို အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။

**မြန်မာ့အနာဂတ်နှင့် ပညာတတ်လူငယ်များ**

ပညာနှင့်ကိုယ်ကျင့်တရားသည် လူတို့၏ ဘဝလမ်းခရီးတစ်လျှောက်လုံး အမှန်တရားကိုသာဦးတည်သည့်လုပ်ရပ်များကို လုပ်ကြမည်သာဖြစ်သည်။ အတွေးအခေါ်မှန်ကန်တည့်မတ်၍ ကိုယ်ကျင့်တရားကောင်းမွန်သည့် မြန်မာလူငယ်များသည်လည်း မကောင်းမှုဒုစရိုက်လုပ်ငန်းများကို လုပ်ကြမည်မဟုတ်ပေ။ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း အစီရင်ခံစာအရ အသက် ၁၅ နှစ်နှင့်အထက် စာတတ်မြောက်မှုနှုန်း ၉၂ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။ အမျိုးသားပညာရည်မြင့်မားရေးကို အစဉ်တစိုက်ဦးတည်ဆောင်ရွက်ကြိုးပမ်းနေသည့်ကာလတွင် ပညာတတ်လူငယ်များ၏စွမ်းအားကိုသာ ကောင်းမွန်စွာအသုံးချရမည်ဆိုပါက နိုင်ငံတော်သည် ယခုထက်ပိုမိုတိုးတက်လာမည်ဖြစ်သည်။ လူငယ်များ လမ်းမှားသို့လျှောက်လှမ်းခြင်းမရှိအောင် ကြိုးစားကြရန်လိုသည်။ အတန်းပညာနှင့်အတတ်ပညာတို့ ကျွမ်းကျင်တတ်မြောက်ပြီး အသိပညာဉာဏ်စွမ်းအားပြည့်စုံသည့် မြန်မာလူငယ်များ နယ်ပယ်မျိုးစုံ၌ထိုးဖောက်၍ ကမ္ဘာ့အလယ်တွင် နိုင်ငံ့ဂုဏ်ဆောင်သည့်လုပ်ရပ်များကိုလည်း တွေ့မြင်ရသည်။

အကြောင်းအမျိုးမျိုးကြောင့် အတန်းပညာဆက်လက်သင်ကြားနိုင်ခွင့်မရှိကြသည့် လူငယ်များကိုလည်း စက်မှုလက်မှုအတတ်ပညာများကို သင်ကြားနိုင်ရေး နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးနေသည်။ နိုင်ငံတော်အတွက် အလုပ်လုပ်နိုင်စွမ်းအားကိုတိုးပွားစေမည့် မျိုးဆက်သစ်လူငယ်များကို လမ်းမှားရောက်ပြီး နိုင်ငံ့အကျပ်အတည်းဖြစ်အောင် ကြိုးစားနေသူများ၏ ရန်ကလည်း ရှိနေပြန်သည်။ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း အစီရင်ခံစာအရ စာတတ်မြောက်မှုနှုန်း(အသက် ၁၅ နှစ်နှင့်အထက်) ၉၂ ဒသမ ၁ ရာခိုင်နှုန်းရှိသည်ကို တွေ့ရသည်။ ထိုအခွင့်အရေးကို ပညာစွမ်းအားဖြင့် မောင်းနှင်နိုင်မည်ဆိုပါက နိုင်ငံ့အနာဂတ်သည် ယခုထက်ပို၍ တိုးတက်လာမည်မှာ အမှန်ပင်ဖြစ်သည်။

**❖ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာစွမ်းအားပြည့်စုံကြွယ်ဝသည့် မျိုးဆက်သစ်လူငယ်များ၊ အသိပညာပြည့်ဝသည့် နိုင်ငံ့သားကောင်းများ၊ အတတ်ပညာပြည့်စုံကြွယ်ဝသည့် နိုင်ငံ့ရတနာများ ပေါ်ထွန်းလာစေရေး ကြိုးစားရမည်ဖြစ်သည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် ကျရာနေရာတွင် ကောင်းမွန်စွာနေထိုင်ဆောင်ရွက်တတ်သည့်စိတ်ဓာတ်များရှိနေစေရေးအတွက် အဓိကသည် ကိုယ်ကျင့်တရားနှင့် အသိပညာပင်ဖြစ်သည်။ လူငယ်များအနေဖြင့် သင်ကြားတတ်မြောက်ထားသည့် အတန်းပညာ၊ ကျွမ်းကျင်တတ်မြောက်ထားသည့်အတတ်ပညာတို့က မည်သို့ပင်ရှိစေကာမူ မိမိဘဝအတွက် တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ❖**

**တိုင်းပြည်နှင့်လူမျိုးအကျိုး**

ပညာဆိုသည့်အရာတွင် အသိပညာနှင့် အတတ်ပညာဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ အသိပညာနှင့် အတတ်ပညာမြင့်မားလာနိုင်ရေးအတွက် အတန်းပညာတတ်မြောက်ရန်လည်း အရေးကြီးပြန်သည်။ နိုင်ငံတော်အနေဖြင့် ကလေးသူငယ်များအပါအဝင် မျိုးဆက်သစ်လူငယ်များ အတန်းပညာများ ကောင်းမွန်စွာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

အသိပညာ၊ အတန်းပညာ၊ အတတ်ပညာတို့တွင် တစ်ဦးနှင့် တစ်ဦးက မတူညီနိုင်ကြပေ။ ဘဝအခြေအနေအရ အတန်းပညာပြည့်စုံအောင် သင်ကြားခွင့်မရသူများလည်းရှိနိုင်သည်။ မည်သို့ပင်ဆိုစေကာမူ ဘဝလမ်းကြောင်းမတိမ်းစောင်းဘဲ ကောင်းမွန်စွာလျှောက်လှမ်း၍ လူမှုပတ်ဝန်းကျင်အကျိုးကို သယ်ပိုးလိုသည့်အသိရှိရန်သာလိုသည်။ ထိုကဲ့သို့ ကောင်းမွန်သည့်အသိပညာများသည် မြန်မာလူငယ်များ မွေးဖွားချိန်မှ သေဆုံးချိန်ထိရှိနေသည့် ဘဝပေးအသိပင်ဖြစ်သည်။ ဘဝပေးအခြေအနေအရ အဆင့်မြင့်ပညာများတတ်မြောက်၍ ဘဝလမ်းကို ပညာဖြင့်လျှောက်လှမ်းနေသူများ၊ အတန်းပညာမပြီးဆုံးသေးသော်လည်း အသိပညာနှင့် အတတ်ပညာကောင်းမွန်၍ ဘဝတိုးတက်နေသူများလည်းရှိသည်။ လူငယ်များအနေဖြင့် ပညာဟုဆိုပါလျှင် အတန်းပညာသာမက အသိပညာနှင့်အတတ်ပညာတို့ကိုပါ အပတ်တကုတ်လေ့လာလိုက်စားကြရန်လိုသည်။ သို့မှသာ တိုင်းပြည်နှင့်လူမျိုးအကျိုးကို ထာဝရသယ်ပိုးဆောင်ရွက်နိုင်မည်ဖြစ်သည်။

**အသိပညာက အဓိက**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က ပြည့်စုံနေရန်လိုသည်။ နည်းပညာဆိုင်ရာကျွမ်းကျင်ပညာရှင်များအပါအဝင် နယ်ပယ်အလိုက် အတတ်ပညာပိုင်းဆိုင်ရာ ပြည့်စုံတတ်မြောက်သူများလည်း လိုအပ်သည်။ နိုင်ငံတကာမျက်နှာစာတွင် သံတမန်နည်းလမ်းအရ တိုက်ပွဲဝင်နေရသူများကလည်း နိုင်ငံ၏ပညာရှင်များပင်ဖြစ်သည်။ ကျောပိုးအိတ်တစ်လုံးကိုလွယ်ကာ တစ်တောင်ဆင်းတစ်တောင်တက် သေနတ်တစ်လက်ဖြင့် တောတောင်အနှံ့ခြေဆန့်နေသည့် တပ်မတော်သားသည်လည်း နိုင်ငံ၏ ရတနာပင်ဖြစ်သည်။ ခေါင်းလောင်းသံကလေးများ ချိုကြည်သာစွာ ပန်းပေါင်းစုံတို့၏အလှဖြင့် ဝေဆာနေသည့် စာသင်ခန်းကလေးအတွင်း ကလေးသူငယ်များကို စာသင်ကြားပြသနေသည့် ကျောင်းဆရာကလေးတစ်ဦးကလည်း နိုင်ငံတော်အတွက် အဖိုးအနဂ္ဃထိုက်သည့် ရတနာတစ်ပါးပင်ဖြစ်သည်။ ချွေးတလုံးလုံးဖြင့် ကတ္တရာညှော်နံ့တို့ကို အဖော်အဖြစ်သတ်မှတ်၍ လမ်းမများထက်တွင်ပေးဆပ်နေသည့် အလုပ်သမားကလေးကလည်း နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် မည်သည့်ဘဝ၊ မည်သည့်အခြေအနေတွင် ရောက်ရှိနေစေကာမူ ကောင်းမွန်စွာနေထိုင်ဆောင်ရွက်တတ်ရန်သာလိုသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာစွမ်းအားပြည့်စုံကြွယ်ဝသည့် မျိုးဆက်သစ်လူငယ်များ၊ အသိပညာပြည့်ဝသည့် နိုင်ငံ့သားကောင်းများ၊ အတတ်ပညာပြည့်စုံကြွယ်ဝသည့် နိုင်ငံ့ရတနာများ ပေါ်ထွန်းလာစေရေး ကြိုးစားရမည်ဖြစ်သည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် ကျရာနေရာတွင် ကောင်းမွန်စွာနေထိုင်ဆောင်ရွက်တတ်သည့် စိတ်ဓာတ်များရှိနေစေရေးအတွက် အဓိကသည် ကိုယ်ကျင့်တရားနှင့် အသိပညာပင်ဖြစ်သည်။ လူငယ်များအနေဖြင့် သင်ကြားတတ်မြောက်ထားသည့် အတန်းပညာ၊ ကျွမ်းကျင်တတ်မြောက်ထားသည့် အတတ်ပညာတို့က မည်သို့ပင်ရှိစေကာမူ မိမိဘဝအတွက် တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ တိုင်းပြည်နှင့် လူမျိုးအကျိုးကိုသယ်ပိုးလိုသည့် အသိစိတ်ဓာတ်တို့လည်း ရှိရန်လိုသည်။ ပညာသည်သာ အရာရာဟုဆိုရာတွင် ရင်တွင်းအသိကသာ အဓိကဖြစ်သဖြင့် ကောင်းမွန်သည့်အသိပညာဖြင့် နိုင်ငံ့သားကောင်းများဖြစ်လာစေရေး ကြိုးစားသင့်ပေသည်။

**ပညာရေးကို အားပေးစို့**

နိုင်ငံတော်က ပညာရေးကို အားပေးရာတွင် အခြေခံပညာကျောင်းသား၊ ကျောင်းသူများကို မူလတန်းမှ အထက်တန်းထိ ပညာရေးကို ပုံမှန်သင်ကြားစေခဲ့သည့်အပြင် နိုင်ငံ၏ ရေခံမြေခံနှင့်လျော်ညီသည့် စက်မှုနည်းပညာ၊ စိုက်ပျိုးရေးပညာ၊ မွေးမြူရေးပညာများကို တွဲဖက်သင်ကြားနိုင်ရန် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်သင်ကြားနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ ဖွင့်လှစ်သင်ကြားခဲ့ရာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၉ ကျောင်းထိ ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်သည်။ အဆိုပါကျောင်းများတွင် အထက်တန်းပညာနှင့် တွဲဖက်၍ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို သင်ကြားပေးခြင်းသည် အသက်မွေးဝမ်းကျောင်းပညာများ သင်ယူတတ်မြောက်နိုင်သည့်အခွင့်အလမ်းများရရှိမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံအတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ကြိုးစားကြရာတွင် ထိုနိုင်ငံအတွင်း၌ အသိပညာရှင်၊ အတတ်ပညာရှင်များ ရှိနေကြရန်လိုသည်။ ပညာဆိုသည့်အရာတွင် အတန်းပညာနှင့် အတတ်ပညာတို့ မည်မျှပင်တတ်မြောက်ကျွမ်းကျင်နေစေကာမူ အသိပညာအားနည်းသည့်အခါ လုပ်ရပ်များက လူမှုပတ်ဝန်းကျင်ကို ထိခိုက်စေတတ်သည်။ နည်းပညာကျွမ်းကျင်သူများက AI ကဲ့သို့သော လူသားအကျိုးပြုနည်းပညာများကို အစဉ်တီထွင်နေကြသည်။ တစ်ဖက်တွင်လည်း AI နည်းပညာကိုပင် မကောင်းသည့်ရည်ရွယ်ချက်ဖြင့်အသုံးချကာ လူသားများ၏ လူနေမှုဘဝကို ခြိမ်းခြောက်နေကြသည့်လုပ်ရပ်များကို ကျူးလွန်နေကြသည့် နည်းပညာကျွမ်းကျင်သူများလည်း ရှိနေပြန်သည်။

အွန်လိုင်းလောင်းကစားများခေတ်စားနေသည့် အချိန်ကာလတွင် မသမာသူများက နည်းပညာကျွမ်းကျင်သည့်လူငယ်များနှင့် ပညာတတ်လူငယ်များကိုသာစည်းရုံး၍ မကောင်းသည့်လုပ်ရပ်များကို ခိုင်းစေနေကြသည်။ ထို့ထက်ပိုဆိုးသည်က လူငယ်များကို အဖျက်အမှောင့်လုပ်ရပ်များကိုပင် လုပ်ကိုင်စေရန် စည်းရုံးနေကြခြင်းပင်ဖြစ်သည်။ လူငယ်များအနေဖြင့် မိမိတို့သည် အနာဂတ်ရတနာများ၊ နိုင်ငံ၏ အနာဂတ်များဖြစ်သည်ကို ကိုယ်တိုင်သိရှိလက်ခံထားကြရန်လိုသည်။ အနာဂတ်ရတနာတော်ဝင်ပန်းကလေးများ အပြစ်အနာအဆာမရှိ ပွင့်လန်းမှသာ နိုင်ငံတော်ကြီးလည်း ထာဝရတိုးတက်နေမည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် လူငယ်များအနေဖြင့် ပညာရေးကို အစဉ်လေ့လာ၍ အသိဉာဏ်ပညာစွမ်းအား အားကောင်းအောင် ကြိုးစားနိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရပါသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ။**
- **၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း အစီရင်ခံစာ။**

**ဇွန်ရွှေထိုက်**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းဧက ၂၀၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၂၀၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်တွင် ဖူးစားပြောင်း ၃၅၂၇ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင်ဧက ၂၀၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရွှေဘိုမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဖူးစားပြောင်း ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ ဖူးစားပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ဖူးစားပြောင်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးသတ်ဆေး ပြုလုပ်အသုံးပြုရေး စသည့် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် ဖူးစားပြောင်း စိုက်ပျိုးရာတွင် တစ်ဧကစိုက်ပျိုးပါကငွေကျပ် ငါးသိန်း ကုန်ကျစရိတ်ရှိပြီး တစ်ဧကေပျှမ်းမျှ ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့်ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းစိုက်ပျိုးကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# တောင်တွင်းကြီးမြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တောင်တွင်းကြီး ဒီဇင်ဘာ ၁၀**


မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ရွာသစ်ကျေးရွာ မြစိမ်းရောင်စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ်လုပ်ငန်းဆောင်ရွက်မှုရှိ၊ မရှိ၊ စာရင်းဇယားများဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွာသစ်ကျေးရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၁၁၀ ကို ငွေကျပ် ၅၅၄ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် သိန်း ၄၀၊ စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ၁၂၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၉၄ သိန်းထုတ်ချေးပေးထားပြီး လုပ်ငန်းများလည်ပတ်ဆောင်ရွက် လျက်ရှိကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နွဲ့ယဉ်**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့**






Fluoride ပါဝင်သောကြောင့် သွားများကို မြုမွေးတောက်ပစေပါသည်။

DENTIST RECOMMENDED

FDA အမှတ်-2212 PCE 0013

ထာဝရလှပသော အပြုံးအတွက်



DENTOMEC

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .



'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၀၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ သင်တန်းသားသစ်များ ခေါ်ယူခြင်း

၁။ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု(ပုံမှန်)သင်တန်းများကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်၍ အောက်ပါသင်တန်းများသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | သင်တန်းအမည် | လက်ခံမည့်ဦးရေ |
|---|---|---|
| (က) | ချည်မျှင်နှင့်အထည်အလိပ်ဒီပလိုမာ (၁)နှစ်သင်တန်း | ၂၅ ဦး |
| (ခ) | ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူ (၁)နှစ်သင်တန်း | ၂၀ ဦး |
| (ဂ) | လက်ရက်ကန်း (၆)လ သင်တန်း | ၁၀ ဦး |
| (ဃ) | ရိုးရာလွန်းရာကျအချိတ် (၆)လ သင်တန်း | ၅ ဦး |
| (င) | ရွှေချည်ထိုး၊ ငွေချည်ထိုး (၃)လ သင်တန်း | ၅ ဦး |

၂။ သင်တန်းဝင် လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည်-

(က) အမှတ်စဉ်(က) သင်တန်းအတွက် အခြေခံပညာအထက်တန်းအောင်မြင်ပြီး (သို့မဟုတ်) Grade-12 အောင်မြင်ပြီး အသက် (၁၆)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။

(ခ) အမှတ်စဉ်(ခ) သင်တန်းအတွက် အခြေခံပညာအလယ်တန်းအောင်မြင်ပြီး (သို့မဟုတ်) Grade-9 အောင်မြင်ပြီး အသက် (၁၆)နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။

(ဂ) အမှတ်စဉ်(ဂ) မှ (င)အထိ သင်တန်းများအတွက် အခြေခံပညာမူလတန်းအောင်မြင်ပြီး (သို့မဟုတ်) Grade-5 အောင်မြင်ပြီး အသက် (၁၆)နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။

၃။ အောက်ပါလိပ်စာတွင် ဆက်သွယ်လျှောက်ထားနိုင်ပါသည်-

ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ(အမရပူရမြို့)

ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၉-၄၂၈၃၂၀၂၃၅၊ ၀၉-၄၀၀၃၀၀၄၉၁၊ ၀၉-၄၂၁၇၁၃၈၆၇၊ ၀၉-၄၂၀၇၁၂၈၃၁ (သင်တန်းရေးရာ) E-mail - mmsaunder@gmail.com

၄။ သင်တန်းများသို့ တက်ရောက်ခွင့်ရရှိသူများသည် သင်တန်းကာလအတွင်း ပညာအခမဲ့သင်ကြားခွင့်၊ ရေ မီး အပြည့်အစုံဖြင့် အဆောင်အခမဲ့နေထိုင်ခွင့်နှင့် တစ်လလျှင် ပညာသင်ထောက်ပံ့ကြေး ၃၀၀၀၀/-ခံစားခွင့်၊ တစ်ရက်လျှင် စားသောက်စရိတ် ၁၅၀၀/- နှုန်း ခံစားခွင့်များရရှိမည့်အပြင် သင်တန်းပြီးဆုံးအောင်တက်ရောက်ပြီးပါက အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ဤသိပ္ပံမှ တိုင်းဒေသကြီးအတွင်းရှိ ရက်ကန်းလုပ်ငန်းရှင်များနှင့်ချိတ်ဆက်ခြင်း၊ ပုဂ္ဂလိကရက်ကန်းလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ခြင်း၊ နိုင်ငံပိုင်ချည်မျှင်နှင့်အထည်စက်ရုံသို့ ချိတ်ဆက်ပေးခြင်းနှင့် ထူးချွန်သူများအား ဤသိပ္ပံ၌ နည်းပြများအဖြစ် တာဝန်ထမ်းဆောင်ခွင့်များ ရရှိနိုင်မည်ဖြစ်ပါသည်။

၅။ ရက်ကန်းပညာရပ်ကို အမှန်တကယ်စိတ်ဝင်စားပြီး သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများအား အသက်ကန့်သတ်ချက် လျှော့ပေါ့၍ လက်ခံသွားမည်ဖြစ်ပါသည်။

### ပျောက်ဆုံးကြောင်း

ကွတ်ခိုင်မြို့၊ ရပ်ကွက်(၃)နေ ရန်တန်းဝေ (ခ) မနွယ်နွယ်လင်း (ဘ) ဦးရန်တယ်ချင်း(၁၃/ကခန(ပြု)၀၀၀၂၁၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-797044409

### ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၃)ရပ်ကွက်နေ ဦးကျော်ရဲအောင် (ဘ) ဦးမြင့်ဆောင်(၅/စကန(နိုင်)၂၂၁၈၁) ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-978214442

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မှတ်ပြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဓေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

❖ ကျေးလက်နေသူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်နေသူများဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝမြင့်မားရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ပြီး ဆင်းရဲမှုကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်...

❖ မိမိတို့အနေဖြင့် ကျေးလက်စီးပွားရေးမြှင့်တင်ရေးကို အလေးပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝမြှင့်တင်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် ပြုလုပ်သော တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၁၀

တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါသင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး၊

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သင်တန်းဆင်းအရာရှိများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

# ဆီးဂိမ်းပြိုင်ပွဲ ရိုးရာခြင်းလုံးပြိုင်ပွဲတွင် မြန်မာအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့ ရွှေတံဆိပ်ဆုဆွတ်ခူး



ရန်ကုန် ဒီဇင်ဘာ ၁၀

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိသည့် ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ရိုးရာခြင်းလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ယနေ့တွင် ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအမျိုးသားအသင်းနှင့်အမျိုးသမီးအသင်းတို့က ရွှေတံဆိပ်ဆုများအသီးသီးဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အမျိုးသမီးရိုးရာခြင်းလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် စာမျက်နှာ ၁၉ ကော်လံ ၁ ❖

# အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု B ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၁၀

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု B ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၁ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၃ နာရီ ၁၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။ **(သတင်းစဉ်)**

Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You

ပစ္စည်းထည့်ပုံးအမျိုးမျိုး



ပစ္စည်းထည့်ပုံးအမျိုးမျိုး



ရေချိုးခန်းသုံးပစ္စည်းများ



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၀၊ ၀၉-၄၀၂၆၇၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉